ထိုဆရာတော်များ၏ အနန္တမေတ္တာ အဖြာဖြာကို မကြားနေသည့် သတိရကာ မမေ့ပါဘဲ ဤစာရေးပွဲ မြတ်ကောင်းမှုဖြင့် လေးမြတ်ကော်ရော် ထိုဆရာတော်များကို ပူဇော်ပါ၏။

**ထိုမှတစ်ပါး+မေတ္တာပွား**

ထိုအထက်ဖော်ပြပါ သင်ဆရာတို့၏ မေတ္တာများမှတစ်ပါး၊ မြင်ဆရာ၊ ကြားဆရာတို့၏ မေတ္တာများ၊ မိဘနှပါတို့၏မေတ္တာများ၊ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြသည့် ရဟန်းဒါယကာ-ရဟန်းဒါယိကာမ၊ ဆွမ်းဒါယကာ-ဆွမ်းဒါယိကာမ၊ သင်္ကန်းဒါယကာ-သင်္ကန်းဒါယိကာမ၊ ကျောင်းဒါယကာ-ကျောင်းဒါယိကာမ၊ ဆေးဒါယကာ-ဆေးဒါယိကာမ၊ ပိဋကယ်သုံးသွယ် နိကာယ်ငါးရပ်လှူဒါန်းကြသည့် စာအုပ်ဒါယကာ-စာအုပ်ဒါယိကာမတို့၏ အနန္တမေတ္တာများကိုလည်း နေ့နေ့ညည သတိရကာ ဤစာရေးပွဲ မြတ်ကောင်းမှုဖြင့် ကျေးဇူးသိကာ အထူးကျေးဇူးဆပ်ပါသည်။

**အထူးအစဉ်+ကျေးဇူးတင်လှာ**

မိမိ၏ ဤကျမ်းစာနှင့် ပတ်သက်၍ ပိုသမျှဖျက်၊ လိုသမျှဖြည့်စွက်ပြီး တည်းဖြတ်ပြင်ဆင်ပေးသည့် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြို့နယ် တောင်ပိုင်း ပညာသိပ္ပံကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် အရှင်ပညာစက္က (ဝိဂ္ဂဟပြုနည်း+နိဿရည်းကျမ်းပြု၊ ဘုန်းကြီးကျောင်းသား ဓမ္မာစရိယ) အား အထူးအစဉ် ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင်အပ်ပါ၏။

"ပိုတာကိုဖျက်၊ လိုတာစွက်၍၊ သင့်ချက်သူ့ခေး၊ ပြင်ဆင်ပေးလာ၊ အရှင်ပညာစက္က၊ မြတ်ထေရ်ရအား၊ နေ့ညအစဉ်၊ ကျေးဇူးတင်၏"။

အရှင်ဂုဏ္ဍိန္န (သာသနဓဇဓမ္မာစရိယ)
ဆင်ဖြူဘောင်-စာသင်တိုက်
(၁၀၇) တောင် ဘုရားဝင်းအတွင်း
(၁၀) တောင်ရပ်ကွက်
သာကေတ၊ ရန်ကုန်။

၁၃၅၇-ခုနှစ်၊ ဝါဆိုလဆန်း ၇-ရက်။ ၃-၇-၉၅ (တနင်္လာနေ့)။

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဘီတာသုတ္တန် (နောက်ဘဝဝယ်-မကြောက်ဖွယ်) တရားတော် | ၁၉၃ |
| ၁၅။ | ပိယသုတ္တန် (ချစ်သလား-မုန်းသလား) တရားတော် | ၁၉၉ |
| ၁၆။ | မုလ္လိကာသုတ္တန် (အချစ်ဆုံး-အပြုံးနဲ့ဖြေ) တရားတော် | ၂၁၇ |
| ၁၇။ | အပ္ပမာဒသုတ္တန် (ကောင်းကျိုးရအောင်-သတိဆောင်) တရားတော် | ၂၃၁ |
| ၁၈။ | ပဌမအာယုသုတ္တန် (ကုသိုလ်ကောင်းမှု-မြန်မြန်ပြု) တရားတော် | ၂၄၅ |
| ၁၉။ | ဒုတိယအာယုသုတ္တန် (အသက်တွေက-ကုန်လွယ်လှ) တရားတော် | ၂၅၇ |
| ၂၀။ | ပရိနိဗ္ဗာနသုတ္တန် (နောက်ဆုံးစကား-တရားမျက်ရည်) တရားတော် | ၂၆၃ |
| ၂၁။ | ပီတဝိမာနဝတ္ထု (ကောင်းကျိုးတွေက-အတူရ) တရားတော် | ၂၈၁ |
| ၂၂။ | ဝေဝံ အာစိဏ္ဏယာ-ဗုဒ္ဓါ-စသော ဂါထာ (မကြုံစည်အပ်-အကျိုးမြတ်) တရားတော် | ၂၈၇ |
| ၂၃။ | ပါဠိလိပုတ္တနဂရမာပန (နတ်တွေစောင့်ရှောက်-ချမ်းသာရောက်) တရားတော် | ၂၉၁ |
| ၂၄။ | (သောတာပန္န-တူညီရ) တရားတော် | ၃၁၃ |
| ၂၅။ | ပုတ္တသုတ္တန် (မျှော်လင့်ချက်ငါးပါး) တရားတော် | ၃၁၉ |
| ၂၆။ | ဘေသဇ္ဇနိသံသ (မခွဲမခွာ-နေလိုပါသော်) တရားတော် | ၃၃၁ |
| ၂၇။ | ဆတ္တာနိသံသ (အကောင်းဆုံးမှတ်-အမြတ်ဆုံးထီး) တရားတော် | ၃၃၇ |
| ၂၈။ | ဒုဿာနိသံသ (အဝတ်လှူမှ-အဝတ်ရ) တရားတော် | ၃၄၁ |

ပြုစုခြင်းတို့၌ လွန်ကဲသော ဝီရိယရှိသူတွေထဲတွင် ရှင်အာနန္ဒာကိုယ်တော်မြတ် အသာဆုံး၊ အမြတ်ဆုံး ဖြစ်တော်မူပါတယ်။

(၅) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။

ဘုရားရှင် ကိုယ်တော်မြတ်ဘား လုပ်ကျွေး ပြုစုသူတွေထဲမှာ ရှင်အာနန္ဒာ အသာဆုံး၊ အမြတ်ဆုံး ဖြစ်တယ်။

ကဲ ...လက်ာတွေလိုက်ဆိုကြ။

၁။ ကြားမြင်များရာ အာနန္ဒာ မှန်စွာ အမြတ်ဆုံး။
၂။ သတိရှိရာ အာနန္ဒာ မှန်စွာ အမြတ်ဆုံး။
၃။ သတိပညာ အာနန္ဒာ မှန်စွာ အမြတ်ဆုံး။
၄။ လုံ့လကြီးရာ အာနန္ဒာ မှန်စွာအမြတ်ဆုံး။
၅။ ပြုစုရာမှာ အာနန္ဒာ မှန်စွာ အမြတ်ဆုံး။

အဲဒီလို ရှင်အာနန္ဒာ ကိုယ်တော်မြတ် ဧတဒဂ်ငါးတန် ရာထူးခံပါတယ်။ ရှင်အာနန္ဒာကိုယ်တော်မြတ်လို ဧတဒဂ်ငါးတန် အသာဆုံး အမြတ်ဆုံး ရာထူး ခံယူနိုင်အောင် ကုသိုလ်ကောင်းမှုတွေ များများပြုပြီးတော့ ဆုတောင်းဖို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား။)

အားကျကြည်ညိုဖို့ကော မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား။)

အေး... ရှင်အာနန္ဒာ ကိုယ်တော်မြတ်ကို အားကျ ကြည်ညိုအတုယူပြီးတော့ ကုသိုလ်ကောင်းမှု များများပြုကာ ဆုများများ တောင်းရမယ်နော်။ (မှန်လှပါဘုရား။)

ကဲ.. ရှေ့ဆက် နာကြားကြရအောင်။

ပသေနဒိကောသလော ကိရ မဟာပဝါရဏာယ သဗ္ဗာဘရဏ ပဋိမဏ္ဍိတော ဂန္ဓမာလာဒီနိ အာဒါယ ဝိဟာရံ အဂမာသိ။

ပသေနဒိကောသလော - ပသေနဒီ ကောသလမင်းကြီးသည်၊ မဟာပဝါရဏာယ-သီတင်းကျွတ် လပြည့်နေ့၌၊ သဗ္ဗာဘရဏ ပဋိမဏ္ဍိတော

စဒထာ'တိ သော ဘောပိဋကံ ဗုဒ္ဓဝစနံ သမ္မသိတွာ ဣမံ ဂါထံ ဝဒန္တော 'ဒိဝါ တပတိ အာဒိစ္စော'တိ ဝတွာ အတ္ထင်္ဂမေန္တဿ သူရိယဿ အဥ္ဇလိံ ပဂ္ဂဏှိ။ 'ရတ္တိ မာဘာတိ စန္ဒိမာ'တိ ဥဂ္ဂစ္ဆန္တဿ စန္ဒဿ အဥ္ဇလိံ ပဂ္ဂဏှိ။ 'သန္နဒ္ဓော ခတ္တိယော တပတီ'တိ ရညော အဥ္ဇလိံ ပဂ္ဂဏှိ။ 'ဈာယီ တပတိ ဗြာဟ္မဏော'တိ ဘိက္ခုသံဃဿ အဥ္ဇလိံ ပဂ္ဂဏှိ။ 'ဗုဒ္ဓေါ တပတိ တေဇသာ'တိ ဝတွာ ပန မဟာစေတိယဿ အဥ္ဇလိံ ပဂ္ဂဏှိ။ အထ နံ ရာဇာ 'မာ ဘန္တေ ဩဘာသေဟီ'တိ ဥက္ခိတ္တသီသံ ယေဝ ဟတ္ထေ သဟာသံ ဌပေသိ။

(သံယုတ်အဋ္ဌကထာ ၂-၂၂၆)

## သံယုတ်ဋီကာ ကောက်နုတ်ချက်

ဈာနံ သမာပဇ္ဇိတွာ သမာဟိတေန စိတ္တေန ဝိပဿနံ ဝဍ္ဎေတွာ ဖလသမာပတ္တိံ သမာပဇ္ဇိတွာ နိသိန္နောတိ အာဟ 'ဒိဝိမေန ဈာနေန ဈာယမာနော'တိ။ သဗ္ဗမင်္ဂလဂါထာတိ သဗ္ဗမင်္ဂလာဝိရောဓိဂါထာတိ ဝဒန္တိ။ တထာ ဟိ ဝဒန္တိ....

'မင်္ဂလံ ဘဂဝါ ဗုဒ္ဓေါ၊ ဓမ္မော သံဃော စ မင်္ဂလံ။

သဗ္ဗေသမ္ပိ သတ္တာနံ၊ သပုညဝိဘာ မင်္ဂလ'န္တိ။

ပူဇံ ကာရေတွာ ဧကံ အာဂါရိကဓမ္မကထိကံ ဥပါသိတံ အာဟ။ ဧတ္ထစ 'ဈာယီ တပတီ'တိ ဣမိနာ အာရမ္မဏူပနိဇ္ဈာနေန ဂဟိတတ္တာ ဓမ္မရတနံ ဂဟိတမေဝ။ 'ဗြာဟ္မဏော'တိ ဣမိနာ သံဃရတနံ ဂဟိတမေဝ။ ဗုဒ္ဓရတနံ ပန သရူပေနေဝ ဂဟိတန္တိ။

(သံယုတ်ဋီကာ ၂-၂၀၀)

## ဈာန် (၂)မျိုး

၁။ လက္ခဏူပနိဇ္ဈာနံ နာမ ဝိပဿနာ မဂ္ဂဖလာနိ။ ဝိပဿနာ ဟိ တီဏိ လက္ခဏာနိ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာနံ။ မဂ္ဂေါ ဝိပဿနာယ အာဂတကိစ္စံ သာဓေတီတိ လက္ခဏူပနိဇ္ဈာနံ။ ဖလံ တထ လက္ခဏံ နိရောဓသစ္စံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာနံ။

အထဒေါ-လ,နတ်သားလျှောက်ရာ လိုအခါ၌၊ ဘဂဝါ-ဘုန်းတော်ကြီးမား မြတ်စွာဘုရားသည်၊ စန္ဒိမံဒေဝပုတ္တံ-လ,နတ်သားကို၊ အာရဗ္ဘ-အကြောင်း ပြု၍၊ ရာဟုံ-ရာဟု မည်သော၊ အသုရိန္ဒံ-အသူရိန်ကြီးကို၊ ဂါထာယ-ဂါထာဖြင့်၊ အဇ္ဈဘာသိ- ကရုဏာရှေ့ဆောင် မိန့်ကြားတော် မူလိုက်ပါပေသတည်း။

သာဓု...သာဓု... သာဓုပါ ဘုရား။

အဲဒီလို လ,နတ်သားက ရှဘ်ဆို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက လ,နတ်သားကို သနားသမှု အကြောင်းပြုပြီးတော့ ရာဟုအသူရိန်ကြီးကို ဂါထာနဲ့ ကရုဏာထားပြီး မိန့်ကြားတော်မူလိုက်ပါတယ်။

ကိံ အဇ္ဈဘာသိ-ဘယ်လိုများ မိန့်ကြားလိုက်သလဲဆိုရင်-
တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒ ပမုဉ္စဿု၊ ဗုဒ္ဓါလောကာ နုကမ္ပကာတိ။

အရဟန္တံ-ပစ္စည်းလေးပါး အသီးသီးဖြင့် အပြီးပူဇော် ခံယူတော် မူထိုက်သော၊ တထာဂတံ-ရှေးဘုရား ဘို့နှင့် မခြားတစ်မူ လာခြင်းတူငြား ငါဘုရားကို၊ စန္ဒိမာ-လ,နတ်သားသည်၊ သရဏံ-နေ့ညခါခါ ကိုးကွယ်ရာဟူ၍၊ ဂတော-သိမှတ်နေကာ ဆည်းကပ်ပါ၏၊ ရာဟု-ရာဟုခေါ်လတ်၊ အိုအသူရိန်နတ်ကြီး၊ ကံ-သင်သည်၊ စန္ဒံ-လ,နတ်သားကို၊ ပမုဉ္စဿု-ယခုမြန်စွာ လွှတ်လိုက်ပါလော့၊ ဗုဒ္ဓါ-သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့သည်၊ လောကာနုကမ္ပကာ-လူ,နတ်,ဗြဟ္မာ သတ္တဝါမှန်သမျှ အနန္တကို နေ့ညအစဉ် သနားခံကာ စောင့်ရှောက် ချီးမြှောက်တော် မူကြပါပေကုန်၏။

လောကာနုကမ္ပကာတိ သဗ္ဗဿ လောကဿ အနုဂ္ဂဟာ။
(သံဋီကာ ၁-၁၄၀+၁၄၉) ၌။

ဣတိ-ဤသို့မြတ်စွာ ဤသို့သာလျှင်၊ အဇ္ဈဘာသိ-ကရုဏာရှေ့ဆောင် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား။

သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်တဲ့ဂုဏ်၊ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ဘုရားသည် လူ့နတ်ဗြဟ္မာ သတ္တဝါတွေကို သံသရာ ပင်လယ်ကြောမှ ထုတ်ဆယ် ကယ်တင်ပြီး နိဗ္ဗာန်ဆိုတဲ့ ခေမာသောင်ကမ်း အထက်တန်းဆီသို့ ပို့ဆောင်တော်မူတတ်ပါပေ၏။

အရှင်ဘုရားအား ပညာမျက်စိနဲ့ဖူးမြင်ရတဲ့အတွက် သဒ္ဓါတရားတွေ ဖြစ်ပြီး တရားတော်တွေ နာကြားရတဲ့အခါမှာ ဉာဏ်မျက်စိတွေ ပွင့်လင်းလာပါတယ် ဘုရား။

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေကို အာရုံပြုပြီး ဉာဏ်ပညာမျက်စိနဲ့ မြင်ရတော့ လူ့နတ်ဗြဟ္မာ သတ္တဝါတွေမှာ ယုံမှားခြင်း ကင်္ခါဆိုတဲ့ ရေအလျဉ်ကြီးကို ကူးမြောက် ကျော်လွှားနိုင်ကြပါတယ် ဘုရား။

တရားနာပရိသတ်....သတ္တဝါတွေဟာ သံသရာပင်လယ်ကြောထဲမှာ မျောပါနေကြပါတယ်နော်။ (မှန်လှပါဘုရား)။

မြတ်စွာဘုရားက နိဗ္ဗာန်ဆိုတဲ့ သောင်ပေါ်၊ ကမ်းပေါ် ရောက်အောင် ကယ်တင်ထုတ်ဆယ်ပြီ တော့ မပေးဘူးလား။ (ပေးပါတယ် ဘုရား)။

ဒါဆိုရင်....သတ္တဝါတွေက ရေမျောနေကြသူတွေ၊ ဘုရားက ကယ်တင်ရှင်၊ ဒီလိုမှတ်ရမယ်နော်။ (မှန်လှပါဘုရား)။

တုဝံ သတ္ထာစ ကေတုစ၊ ဓဇော ယူပေါ စ ပါဏိနံ။
ပရာယဏော ပတိဋ္ဌာစ၊ ဒီပေါစ ဒွိပဒုတ္တမော။

တုဝံ-အထင်အရှား အရှင်ဘုရားသည်၊ ပါဏိနံ-သတ္တဝါတို့၏၊ သတ္ထာစ-ဆရာတင်ဆူလည်း ဖြစ်တော်မူပါပေ၏၊ ကေတုစ-မှန်ကင်း သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ဓဇောစ-တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ယူပေါစ-ယင်တိုင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ပရာယနောစ-လဲလျောင်းရာလည်း ဖြစ်တော်မူပါပေ၏၊ ပတိဋ္ဌာစ-တည်ရာလည်း ဖြစ်တော်မူပါပေ၏၊ ဒီပေါစ-မှီခိုအားထားရာ ကိုင်းကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ဒွိပဒုတ္တမော-အခြေ

သဒေဝကဿ လောကဿ၊ စိတ္တံ ယေသံ ပဝတ္တတိ။

အန္တောဇာလဂတာ တေ၊ တဝ ဉာဏမှိ စက္ခုမ။

စက္ခုမ-စက္ခုငါးပြား ပြည့်စုံတော်မူပေသော မြတ်စွာဘုရား၊ သဒေဝကဿလောကဿ-နတ်ပြဟ္မာနှင့်တကွသော သတ္တလောကတွင်၊ ယေသံ-လူ့,နတ်,ပြဟ္မာ အကြင်သတ္တဝါတို့အား၊ စိတ္တံ-စိတ်သည်၊ ပဝတ္တတိ-ဖြစ်နေ၏၊ တေ-စိတ်ရှိကြသူ လူ့,နတ်,ပြဟ္မာ ထိုသတ္တဝါတို့သည်၊ တဝ-ထင်ပေါ်ကျော်ကြား ရှင်တော်မြတ်ဘုရား၏၊ ဉာဏမှိ-သဗ္ဗညုခေါ် ရွှေဉာဏ်တော်၌၊ အန္တောဇာလဂတာ-ကွန်ယက်အတွင်း ဝင်သက်ဆင်းကြရပါကုန်သည် ဘုရား။

သာဓု....သာဓု ...သာဓုပါဘုရား။

(မြတ်စွာဘုရား၊ သတ္တဝါအားလုံး စိတ်ရှိကြပါတယ်။ အဲဒီ စိတ်ရှိကြတဲ့ လူနတ်ပြဟ္မာ သတ္တဝါတွေဟာ မြတ်စွာဘုရားရဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကွန်ယက်အတွင်းမှာ အားလုံး သက်ဆင်းဝင်ရောက်ကြရ ပါတယ်လို့ ချီးမွမ်းလျှောက်ထားတာ ဖြစ်ပါတယ်)။

ကဲ....ရှင်လုံးပွဲကဗျာလေး လိုက်ဆိုကြ....

လူလူနတ်နတ်၊ ထက်ရပ်ပြဟ္မာ၊
အားလုံးကိုကြည့်၊ စိတ်ရှိကြတာ၊
ထိုသူများရဲ့၊ ရှိတဲ့စိတ်ဟာ၊
ရွှေဉာဏ်တွင်း၊ သက်ဆင်းအားလုံးပါ။

ယေန ဉာဏေန ပတ္တော+သိ၊ ကေဝလံ ဗောဓိမုတ္တမံ။

တေန ဉာဏေန သဗ္ဗညူ၊ မဒ္ဒသိ-ပရတိတ္ထိယေ။

သဗ္ဗညူ-တရားလုံးစုံ အကုန်သိတတ် အို - မြတ်စွာဘုရား၊ တွံ-အထင်အရှား ရှင်တော်မြတ်ဘုရားသည်၊ ယေန ဉာဏေန-အစဉ် အမှန် အကြင်ဉာဏ်ဖြင့်၊ ကေဝလံ-ခပ်သိမ်းဥဿုံ အလုံးစုံသော၊ ဥတ္တမံ ဗောဓိ-အတုမရှိ လွန်မြတ်ဘိသော မဂ်ဉာဏ် လေးပါးကို၊ ပတ္တော-ရရောက်တော်မူသည်၊ အသိ-ဖြစ်ပါ၏၊ တေနဉာဏေန-

(နန္ဒ-အဆန်းပထမ ပန်းအလှတွေ နံ့သာတွေနဲ့ ကောင်းစွာ ချဲကာ ပန်းနေရာကို သေချာမြင့်မြတ် လှူဒါန်းတတ်သည့် အို...နန္ဒ ရသေ့မြတ်) ဘာဝနာန်-တင်ကြိမ်ဖြစ်ပြီး နောက်လည်းဖြစ်ရှိး အကျိုး တရား ထပ်တိုးများပေ ဖြစ်ပွားစေအပ် တရားမြတ်ကောင်း ဘာဝနာ အပေါင်းတို့တွင်၊ အနုတ္တရံ-အဟုတ်အမှန် ထုတ်ပြန်သိအံ့ အမြတ်ဆုံး စစ် ဖြစ်ကြီးဖြစ်သော၊ ဗုဒ္ဓါနုဿတိ-ဘုရားပုံပေါ် ဂုဏ်ကိုဖော်၍ ပျော်ပျော်နေ့ည မေ့မရအောင် သတိဆောင်ထား ပွားများခါခါ ဗုဒ္ဓါနုဿတိဘာဝနာကို၊ ဘာဝေဟိ-အသည်းကြားဆိ ဘုရားတည် အောင် အမြဲဆောင်ကာ ပွားများပါလော့၊ ဣမံသတိ-ဘုရားပုံပေါ် ဂုဏ်ထူးဖော်၍ ပူဇော်နေ့ည မေ့မရအောင် သတိဆောင်ထား ပွားများ ခါခါ ဤဗုဒ္ဓါနုဿတိ ဘာဝနာကို၊ ဘာဝယိတွာ-သင်နန္ဒကား အမြဲ ပွားသော်၊ မာနသံ-သင့်ရဲ့လိုလား တောင့်တထားသည့် ထူးခြားပိုမို စိတ်၏လိုရာ အပြာပြာကောင်းကျိုး အမျိုးမျိုးသည်၊ ပူရယိဿသိ- နေ့တိုင်း,ညတိုင်း ခါမဆိုင်းကုန် ပြီးပြည့်စုံလတ္တံ့။

(အို...နန္ဒရသေ့)ဘာဝနာတွေထဲမှာ အကောင်းဆုံးဘာဝနာက ဘုရားဂုဏ်တော်တွေကို ပွားများတဲ့ ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်တယ်၊ အဲဒီ ဗုဒ္ဓါနုဿတိဘာဝနာကို အမြဲပွားများနေရင် သင်လိုလားတောင့် တထားတဲ့ အရဟတ္တဝိဟာရီ, ဒက္ခိဏေယျ ဘေဒင်နှစ်ခုကို မုချပိုင်ပိုင် ရနိုင်ပါတယ်။

ပဒုမုတ္တရာဘုရားရှင်ကိုယ်တော်မြတ် နိဗ္ဗာနဲ့သမာပတ်မှ ထတော် မူတဲ့အခါက အရဟတ္တဝိဟာရီ, ဒက္ခိဏေယျ တေဒင်နှစ်ခုရတဲ့ သာဝက တစ်ပါးကို ရသေ့အပေါင်းအား ပန်းအနုမောဒနာတရား ဟောခိုင်း ပါတယ်၊ အဲဒီပန်းအနုမောဒနာတရား ဟောကြားတော်မူတဲ့ မထေရ်ကို အားကျပြီးတော့ နန္ဒရသေ့ဟာ အဲဒီကိုယ်တော်လိုဖြစ်ဖို့ လိုလိုလားလား အားပါးတရ ဆုတောင်းခဲ့ပါတယ်။

ပဒုမုတ္တရာဘုရားရှင် 'ဗုဒ္ဓါနုဿတိ ပွားများတဲ့အတွက် ပြည့်ဝပေါ့ လိမ့်မယ်'လို့ ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ဖြစ်ပြီးကြတဲ့ ကိစ္စတွေဆိုတာ....

အထောဥပ္ပတ္တိတေသုစာတိ ယာနိ ပဋ္ဌသတာနံ အစ္ဆရာနံ နိရယေ နိဗ္ဗတ္တာနံ ဒိဋ္ဌာနိ။ (သံ ဋ ၁-၁၀၄)

အထောဥပ္ပတ္တိ တေသုစာတိ-အထောဥပ္ပတ္တိ တေသုစ ဟူသည်ကား၊ နိရယေ-ငရဲ၌၊ နိဗ္ဗတ္တာနံ-ဖြစ်ကြကုန်သော၊ ပဋ္ဌသတာနံ အစ္ဆရာနံ-ငါးရာကုန်သော ဇနီးမယား နတ်သမီးအများတို့၏၊ ဝသေန-အစွမ်းဖြင့်၊ ယာနိ-အစဉ်ညှဉ်းဆဲ အကြင်ဆင်းရဲမှုတို့ကို၊ ဒိဋ္ဌာနိ-ဘဝင်အသည်း အ႐ှင်နည်းလှ ရင်ကွဲနာ ကျလောက်အောင် မြင်ရကုန်၏၊ တေသုစ-ထိုမြင်တွေ့ပြား ဆင်းရဲအများတို့ကြောင့်လည်း....

အဲဒီ သုပြဟ္မာနတ်သားရဲ့ အင်မတန် အချစ်ကြီးမားတဲ့နတ်သမီး ငါးရာ ငရဲမှာဖြစ်နေတာတွေကို တွေ့မြင်ရခြင်းဟာ ဖြစ်ပြီးတဲ့ ကိစ္စတွေပါပဲ။

ကဲ....အဲဒီဖြစ်ပြီးကြတဲ့ကိစ္စ မဖြစ်ကြသေးတဲ့ ကိစ္စတွေကို ထင်ရှားအောင် ဆက်ပြီးတော့ ဟောကြ နာကြပါစို့။

သုပြဟ္မာတိ သော ကိရ ဒေဝပုတ္တော အစ္ဆရာသယံပရိဝုတော
နန္ဒန ကီဠိကံ ဂန္တွာ ပါရိစ္ဆတ္တကမူလေ ပညတ္တာသနေ နိသီဒိ။
(သံ ဋ ၁-၁၀၃)

သုပြဟ္မာတိ - သုပြဟ္မာဟူသည်ကား၊ ကိရ-အကြောင်းထူးကို ပြလိုက်ပါဦးအံ့၊ သောဒေဝပုတ္တော-ထိုသုပြဟ္မာနတ်သားသည်၊ အစ္ဆရာသယံပရိဝုတော- တင့်တယ်ချောလှ တစ်ထောင်မျှသော ဆောင်မြပြောကောင်း နတ်သမီးအပေါင်း ဝန်းရံလျက်၊ နန္ဒကီဠိကံ-နန္ဒဝန်ခေါ် ဥယျာဉ်တော်၌ ရွှင်ပျော်မပျင်း ကစားခြင်းသို့၊ ဂန္တွာ၊ မှန်စွာမနား မြန်စွာသွား၍၊ ပရိစ္ဆတ္တမူလေ-ပင်လယ်ကသစ် ပင်ရင်းစစ်၌၊ ပညတ္တာသနေ-ခင်းအပ်သေချာ နတ်နေရာ၌၊ နိသီဒိ၊ ပျော်တပြုံးပြုံး မော်မဆုံးဘဲ နတ်ထိုးသာယာ ထိုင်နေပါပေသတည်း။

သာဓု...သာဓု... သာဓုပါဘုရား။

သုပြဟ္မာနတ်သား ဘုရားရှင်ထံ ရောက်မလာခင်က တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတစ်ထောင် ခြံရံပြီးတော့ နန္ဒဝန်ဥယျာဉ်သို့ မြူးထူးပျော်ပါး ကစားရန် ထွက်လာခဲ့တယ်။ ဥယျာဉ်အတွင်းမှာ

ပင်လယ်ကသစ်ပင်ရင်းရဲ့ အောက်မှာ ခင်းထားတဲ့ နေရာဝယ် ထိုင်နေပါတယ်။

တံ ပဥ္စသတာ ဒေဝဓီတရော ပရိဝါရေတွာ နိသီန္နာ၊ ပဥ္စသတာ ရုက္ခံအဘိရူဠှာ။ (သံ ၂ ၁-၁၀၃)

တံ - ထိုသုဖြဟ္မာနတ်သားကို၊ ပဥ္စသတာ - ငါးရာကုန်သော၊ ဓေဝဓီတရော - ရွှမ်ဖွယ်မငြိုး နတ်သမီးတို့သည်၊ ပရိဝါရေတွာ - ညီညာစုပြုံ ဝန်းရံကုန်၍၊ နိသိန္နာ-နေကြကုန်၏၊ ပဥ္စသတာ-ငါးရာကုန်သောသော နတ်သမီးတို့သည်၊ ရုက္ခံ-သစ်ပင်ထက်သို့၊ အဘိရူဠှာ-မြူးထူးအမှန် ကစားရန်တွက် ကောန်စုပြုံ တက်ကြကုန်၏။

အဲဒီ သုဖြဟ္မာနတ်သားကို နတ်သမီးငါးရာက ခစားဝန်းရံပြီး တော့ နေကြတယ်။ ကျန်တဲ့ နတ်သမီးငါးရာက သစ်ပင်ပေါ်တက်ပြီး ကစားမြူးထူး အပျော်ကြူးနေကြတယ်။

တရားနာပရိသတ် သေသေချာချာ မှတ်နော်။

မေး။ ။သုဖြဟ္မာနတ်သားမှာ နတ်သမီးပေါင်း ဘယ်လောက် ခြံရံထားသတဲ့လဲ။

ဖြေ။ ။တစ်ထောင်ခြံရံထားပါတယ် ဘုရား။

မေး။ ။ငါးရာက ဘာလုပ်နေသတဲ့လဲ။

ဖြေ။ ။ငါးရာက အနီးအနားမှာ ခစားနေပါတယ်ဘုရား။

မေး။ ။ကျန်တဲ့ငါးရာက ဘာလုပ်နေသတဲ့လဲ။

ဖြေ။ ။ကျန်တဲ့ငါးရာက သစ်ပင်ပေါ်တက် ကစားနေကြပါတယ် ဘုရား။

အဘိရူယှ ပန မဓုရဿရေန ဂါယိတွာ ဂါယိတွာ ပုပ္ဖာနိ ပါတေန္တိ၊ တာနိ ဂဟေတွာ ဣတရာ ကေတောဝဏ်ကမာလာဒိ ဝသေန ဂန္ထေန္တိ။ (သံ ၄ ၁-၁၀၃)

အဘိရူယှပန-သစ်ပင်ထက်သို့ တက်ပြီး၍ကား၊ မဓုရဿရေန-ချိုသာငြိမ့်ညောင်း အသံကောင်းဖြင့်၊ ဂါယိကွာ ဂါယိတွာ-ကြည်နူးက,ခုန်သီကျူး သီဆိုကြကုန်လျက်၊ ပုပ္ဖာနိ-အလှဆန်းတင့် လှပန်းပွင့်တို့ကို၊ ပါတေန္တိ-အပေါ်ကနေ ခြွေချကုန်၏။

နတ်သမီးငါးရာက သစ်ပင်ပေါ်တက်ပြီး ချိုသာတဲ့ အသံကောင်းနဲ့ သီချင်းတွေဆိုကာ လှပတဲ့ ပန်းပွင့်တွေကို အပေါ်ကနေ ခြွေချကြတယ်။

တခါ-အပေါ်ကနေ ခြွေခြွေကာချ အောက်သို့ကျလာ ထိုပန်းများစွာတို့ကို၊ ဂဟေတွာ-များစွာစုပြုံ ကောက်ယူကုန်၍၊ ဥတရာ-အပေါ်မှာကား အခြားမြည်ဟည်း အောက်ကနတ်သမီး ငါးရာတို့သည်၊ ကေတော၀ဏ်ဏ၀ဘလာဒိ၀သေန-တစ်ဖက်ဆိုင် ပွင့်ညှာသီရိုးပန်းကုံး စသည်တို့၏ အစွမ်းဖြင့်၊ ဂန္ထေန္တိ-ပျော်တပြုံးပြုံး မေ႒်မဆုံးနိုင် အပြုံးပြိုင်ကာ သီကုံးကြပါကုန်၏။

အပေါ်က နတ်သမီးတွေခြွေချလို့ လေခကာ ကြွေကျလာတဲ့ ပန်းတွေကို ကောက်ယူပြီးတော့ အောက်က နတ်သမီး ငါးရာက ပန်းကုံးတွေ သီကုံးနေကြတယ်။

အထ ရုက္ခံ အဘိရုဠှာ ၊ ဥပဇ္ဈေဒကကမ္မ၀သေန ကေပ္ပဟာ ရေနေ၀ ကာလံ ကတွာ အဝီစိမှိ နိဗ္ဗတ္တာ မဟာဒုက္ခံ အနုဘ၀န္တိ။

အထ-ထိုအခါ၌၊ ရုက္ခံ-သစ်ပင်သို့၊ အဘိရုဠှာ-မှန်စွာစုပြုံ တက်ကုန်အများ နတ်သမီးငါးရာတို့သည်၊ ဥပစ္ဆေဒကကမ္မ၀သေန-ကပ်၍ဖြတ်တတ် မှန်မဖြတ်သည့် အကုသိုလ်ကံ၏ အစွမ်းဖြင့်၊ ကေပ္ပဟာ ရေနေ၀-တစ်ခုသောနေ့၏ သုံးခုမြောက်သော အဖို့ဟူသော တင်ပြိုင်နက် ကာလဉ္စသာလျှင်၊ ကာလံကတွာ-စုတေ၍၊ အဝီစိမှိ-အဝီစိ ငရဲ၌၊ နိဗ္ဗတ္တာ-ငါးရာစုပြုံ ဖြစ်ကြကုန်၍၊ မဟာဒုက္ခံ-နေ့ညအမြဲ ကြီးစွာသော ဆင်းရဲတွေကို၊ အနုဘ၀န္တိ-ခံစားကြရကုန်၏။

သစ်ပင်ပေါ်တက်ပြီးတော့ ပန်းတွေ ခြွေချနေတဲ့ နတ်သမီးငါးရာ ဥပစ္ဆေဒက အကုသိုလ်ကံရဲ့ အစွမ်းကြောင့် စုတေပြီး အဝီစိငရဲ ရောက်သွားကြတယ်။ အဲဒီ အဝီစိငရဲမှာ နေ့ညအမြဲ ကြီးစွာသော ဆင်းရဲတွေ ခံစားနေကြရတယ်။

အထ ကာလေဂစ္ဆန္တေ ဒေ၀ပုတ္တော 'ဣမာသံ နေ၀ သဒ္ဒေါ သုယျတိ နပုပ္ဖာနိ ပါတေန္တိ၊ ကဟံ နုခေါ ဂတာ'တိ အာ၀ဇ္ဇေန္တော နိရယေ နိဗ္ဗတ္တဘာဝံ ဒိသွာ ပိယ၀တ္ထုကသောကေန ရုပ္ပမာနော စိန္တေသိ တော တာ၀ ယထာကမ္မေန ဂတာ၊ မယှံ အာယုသင်္ခါရော ကိတ္တကော'တိ။

သော 'သတ္တမေ ဒိဝသေ မယာပိ အဝသေသာဟိ ပဉ္စသတာဟိ သဒ္ဓိံ ကာလံကတ္ဝာ တတ္ထေဝ နိဗ္ဗတ္တိတဗ္ဗ' န္တိ ဒိသွာ ဗလဝတရေန သောကေန ရုပ္ပိ။

သော-ထိုသုပြဟ္မာနတ်သားသည်။ 'သတ္တမေဒိဝသေ၊ လူ၏နေ့ ရက် ခုနစ်ရက်မြောက်သောနေ့၌၊ မယာပိ-ငါသည်လည်း၊ အဝသေ သာဟိ-ကြွင်းကုန်သော၊ ပဉ္စသတာဟိ-ငါးရာအပြီး နတ်သမီးတို့နှင့်၊ သဒ္ဓိံ-အတူတကွ၊ ကာလံကတွာ-သေ၍၊ တတ္ထေဝ- လွန်စွာဆင်းရဲ ထို အဝီစိငရဲတို့၌သာလျှင်။ နိဗ္ဗတ္တိတဗ္ဗံ-ဖြစ်ရချေအံ့၊' ဣတိ-ဤအကြောင်း ကို၊ ဒိသွာ-မြင်ရ၍၊ ဗလဝတရေန-အားကြီးစွာသော၊ သောကေန-စိုးရိမ် ကြောင့်ကြခြင်းဖြင့်၊ ရုပ္ပိ-စိတ်၏ပူပန်ထိတ်လန့်ခြင်းသို့ ရောက်၏။

ဒီအဲလို ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ မိမိတို့နဲ့ ကျန်ရှိနေခဲ့တဲ့ နတ်သမီးငါးရာ အဝီစိငရဲ၌သာ ဖြစ်ရမှာကို တွေ့မြင်လိုက်ရတော့ အင်မတန် စိုးရိမ်ကြောင့်ကြပြီး စိတ်ပူပန် ထိတ်လန့်သွားပါတယ်။

သော ဣမံ မယှံ သောကံ သဒေဝကေ လောကေ အညတြ တထာဂတာ နိဒ္ဒမိတုံ သမတ္ထော နာမ နတ္ထီ'တိ စိန္တေတွာ သတ္ထု သန္တိကံ ဂန္တွာ နိစ္စံ ဥတြတ္ထန္တိ ဂထမာဟ။

သော-ထိုသုပြဟ္မာနတ်သားသည်၊ မယှံ-ငါ၏၊ ဣမံသောကံ-ဤစိုးရိမ်ကြောင့်ကြကို၊ သဒေဝကေ-နတ်နှင့်တကွသော၊ လောကေ- လောက၌၊ တထာဂတာ-မြတ်စွာဘုရားကို၊ အညတြ-ထား၍၊ နိဒ္ဒမိတုံ- ဖယ်ထုတ်ရှင်းလင်း ပယ်ဖျောက်ခြင်းငှာ၊ သမတ္ထောနာမ-စွမ်းနိုင်သော သူမည်သည်၊ နတ္ထိ-မရှိနိုင်၊ ဣတိ-ဤသို့၊ စိန္တေတွာ-ကြံ၍၊ သတ္ထု- မြတ်စွာဘုရား၏၊ သန္တိကံ၊ အထံတော်သို့၊ ဂန္တွာ-မှန်စွာမနား မြန်စွာ သွား၍၊ နိစ္စံဥတြတ္ထန္တိဂါထံ- နိစ္စံဥတြတ္တံစသောဂါထာကို၊ အာဟ- သောကငြိမ်းရေး တရားဆေးကို သောက်သုံးလိုကာ လျှောက်ထား လိုက်ပါပေသတည်း။

သာဓု....သာဓု....သာဓုပါဘုရား။

အဲဒီလို အင်မတန် ထိတ်လန့်သွားတဲ့ သုပြဟ္မာနတ်သားဟာ ငါ့ရဲ့ ဒီစိုးရိမ်ကြောင့်ကြခြင်းကို နတ်လောက, လူ့လောကမှာ မြတ်စွာ

တပေါဂုဏ္ဍိ ဓုတဓမ္မေ မာဟ၊ သောဟိ တဏှာလောလုပ္ပဿ တပနတော တပေါ သယံဂုဏသဘာဝတ္တာ ဂုဏသန္နိဿယတောစ ဂုဏန္တိ)။ (သံ၊ဋီကာ ၁-၁၅၃)။

၄။ အဲဒီ ဆိုပြီးခဲ့တဲ့ သီလထိန်းသိမ်းမှု၊ ဣန္ဒြေထိန်းသိမ်းမှု၊ ဓုတင်ကျင့်မှုဆိုတဲ့ တပဂုဏ်တွေနဲ့ ပြည့်စုံပြီးရင် ဆိတ်ကွယ်ရာ အရပ်တောထဲကို ကပ်ဝင်ပြီးတော့ ကမ္မဋ္ဌာန်း ပွားများစေကာ ဝိပဿနာနဲ့ တကွ ဗောဇ္ဈင် တရားခုနစ်ပါးတို့ကို ကြိုးကြိုးစားစား နိုးနိုးကြားကြား အားထုတ်ရမယ်။

တသ္မိံ ပတိဋ္ဌိတော ဘိက္ခု နိဿယ မုတ္တကော ဓုတင်္ဂသင်္ခါတံ တပေါဂုဏံ သမာဒါယ အရညံ ပဝိသိတွာ ကမ္မဋ္ဌာနံ ဘာဝေန္တော သဟ ဝိပဿနာယ ဗောဇ္ဈင်္ဂေ ဘာဝေတိ။ (သံ၊ဋ-၁-၁၀၄)။

၅။ အဲဒီလို ဗောဇ္ဈင်တရားတွေကို ကျင့်ကြံကြိုးစား ပွားများ အားထုတ်ရင် အပါယ်ဘေး သံသရာဘေးဟူသမျှ ကင်းဝေးပြီး မဂ်ဖိုလ်, နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ပိုင်ပိုင် ရရှိနိုင်ထယ်။

အဲဒီ မဂ်,ဖိုလ်,နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ရကြောင်း အကျင့်ကောင်းဖြစ်တဲ့ သီလစောင့်ထိန်းခြင်းအစ, ဗောဇ္ဈင်တရားပွားများခြင်းအဆုံး ကျင့်စဉ်အားလုံးကို မကြိုးစား မပွားများရင်တော့ သင်္သုဖြာ နတ်သားနဲ့တကွ နတ်,လူ,ဗြဟ္မာသတ္တဝါတွေမှာ ချမ်းသာခြင်းတရားကို ငါဘုရား မမြင်တော်မမူလို့ ဟောကြားတော်မူပါတယ်။

ဒီဂါထာ ဟောပြီးတော့ သစ္စာလေးပါးကို ပြတော်မူပါတယ်။

ဒေဝပုတ္တဿ သတ္ထာ တံ ဂါထံ ဝတွာ ဥပရိစ သစ္စာနိ ပကာသေသိ။ (သံ၊ဋီကာ-၁-၁၅၃)။

တဿ အရိယမဂ္ဂေါ ယံ နိဗ္ဗာနံ အာရမ္မဏံ တတွာ ဥပ္ပဇ္ဇတိ၊ သော သဗ္ဗနိဿဂ္ဂေါ’တိ ဘဂဝါ စတုသစ္စဝသေန ဒေသနံ ဝိနိဝတ္တေသိ။ (သံ၊ဋ-၁-၁၀၄)။

တဿ- ထိုအခြင်းအရာဖြင့် ပွားစေအပ်သော ယောဂီပုဂ္ဂိုလ်၏၊ အရိယမဂ္ဂေါ-အရိယာမဂ်သည်၊ ယံနိဗ္ဗာနံ-အကြင်နိဗ္ဗာန်ကို၊ အာရမ္မဏံ

ကတွာ-အာရုံပြု၍၊ ဥပ္ပဋ္ဌတိ-ဖြစ်၏၊ သော-ထိုနိဗ္ဗာန်သည်၊ သဗ္ဗ နိသင်္ဂေါ-ခပ်သိမ်းသော သင်္ခါရတို့ကို စွန့်လွှတ်ရာဌာနပေည်၏၊ ဣတိ-ဤသို့၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ စတုသစ္စဝသေန-သစ္စာလေးပါး စွမ်းပကားဖြင့်၊ ဒေသနံ-ဒေသနာတော်ကို၊ ဝိနဋ္ဌေသိ-လည်စေတော်မူ၏၊

ဒီဂါထာရတော်နဲ့တကွ သစ္စာလေးပါး မြတ်ဘုရားကို နာကြားရတဲ့အဆုံးမှာ သုဗြဟ္မာနတ်သား သောတာပတ္တိဖိုလ် တည်ပြီးတော့သွားပါတယ်။

ဒေဝပုတ္တော ဒေသနာပရိယောသာနေ သောတာပတ္တိဖလေ ပတိဋ္ဌဟိ။ (သံဋ္ဌ-၁-၁၀၄)။

ဒေဝပုတ္တော-သုဗြဟ္မာနတ်သားသည်၊ဒေသနာပရိယောသာနေ-ဒေသနာတော် အဆုံး၌၊ သောတပတ္တိဖလေ - သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌတိ-သေရမည့်ဘေး အပါယ်ဘေးမှ ကင်းဝေးရကာ တည်သွားပါပေသတည်း။

## သာဓု...သာဓု . သာဓုပါဘုရား။

ဒီနေရာမှာ မေးစရာရှိတာက 'နတ်သား တစ်ယောက်သာ သောတာပန်ဖြစ်သွားသလား'လို့ ဒီလို မေးစရာရှိတယ်၊ အမှန်ကတော့ သုဗြဟ္မာနတ်သားဟာ သူ့ရဲ့နတ်သမီးငါးရာနဲ့အတူ သောတာပတ္တိဖိုလ် တည်ပြီး သောတာပန် ဖြစ်သွားတယ်လို့ မှတ်ပါ။

ဒေဝပုတ္တော သောတာပတ္တိဖလေ ပတိဋ္ဌဟီတိ ကာမံ တဿေဝ ဝိသေသာဓိဂမော ဉာဒါဂတော၊ ပဉ္စသတမတ္တာဟိ ပန အစ္ဆရာဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌဟီတိ ဝေဒိတဗ္ဗံ။ တေနာဟ မဟာ သတိပဋ္ဌာနသုတ္တ ဝဏ္ဏနာယံ 'သော ဒေသနာပရိယောသာနေ ပဉ္စဟိ အစ္ဆရာသတေဟိသဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌာယ တံ သမ္ပတ္တိံ ထာဝရံ ကတွာ ဒေဝလောကမေဝ အပမာ'တိ။ (သံဋီကာ-၁-၁၅၃။)

မေး။ ။မဂ်, ဖိုလ်ကော မရချင်, မဝင်ချင်ဘူးလား။
ဖြေ။ ။ဝင်ချင်ပါတယ်ဘုရား။

မေး။ ။အပါယ်ဘေးက မလွတ်ချင်ဘူးလား။
ဖြေ။ ။လွတ်ချင်ပါတယ်ဘုရား။

မေး။ ။အသက်ရှည်ရှည် မနေချင်ကြဘူးလား။
ဖြေ။ ။နေချင်ကြပါတယ်ဘုရား။

အေး ...ထိတ်လန့်ခြင်းတွေ ကင်းစင်ချင်ရင်, မဂ်, ဖိုလ်ဝင်ချင်ရင်, အပါယ်ဘေးက လွတ်ချင်ရင်, အသက်ရှည်ရှည် နေချင်ရင် သုဖြဟ္မာ နတ်သားအား ဘုရားဟောကြားလိုက်တဲ့ ဂါထာတော်မှာ လာတဲ့ အတိုင်း ...

၁။ သီလလုံခြုံရမယ်။

၂။ ဣန္ဒြေတွေကို ထိန်းသိမ်းရမယ်။

၃။ ဓုတင် ကျင့်ရမယ်။

၄။ ဗောဇ္ဈင်တရား ခုနစ်ပါးကို ပွားများရမယ်။

ကဲ... လင်္ကာလေးတွေ လိုက်ဆိုကြ ...

* သီလတရား၊ ကြဉ်ဖယ်ထား၊ အများမချမ်းသာ။
* ဣန္ဒြေများ၊ မသိန်းငြား၊ အများမချမ်းသာ။
* ဗောဇ္ဈင်တရား၊ ခုနစ်ပါး၊ မပွားမချမ်းသာ။
* သီလတရား၊ လုံခြုံငြား၊ အများလွန်ချမ်းသာ။
* ဣန္ဒြေများ၊ စောင့်ထိန်းထား၊အများလွန်ချမ်းသာ။
* ဓုတင်တရား၊ ကျင့်သုံးငြား၊ အများလွန်ချမ်းသာ။
* ဗောဇ္ဈင်တရား၊ ခုနစ်ပါး၊ ကျင့်ပွားလွန်ချမ်းသာ။
* နိဗ္ဗာန်တရား၊ ကြဉ်မထား၊ အများလွန်ချမ်းသာ။
* သုဖြဟ္မာအား၊ မြတ်ဘုရား၊ ဟောကြားဒီဂါထာ။
* သစ္စာလေးပါး၊ မြတ်တရား၊ ဟောကြားနာရခါ။
* တရားဆုံးပြန်၊ သောတာပန်၊ အမှန်သုဖြဟ္မာ။
* ကျန်နတ်သမီး၊ ငါးရာလည်း၊ အပြီးတည်သောတာ။
* သေရမည့်ဘေး၊ အပါယ်ဘေး၊ ကင်းဝေးသက်ရှည်ရှာ။

ဥယျာဉ်၊ သစ်ပင် စသည်တို့ကို မြင်တိုင်းမြင်တိုင်း၊ သတိရတိုင်း သတိရတိုင်း အခါတိုင်းမှာ'အမြဲနေ့ည+ကုသိုလ်ရ' နေတယ်၊ ကုသိုလ်တရားတွေ တိုးပွားနေတယ်လို့ မှတ်ပါ-သဘောကျပါ။

အဲဒီကုသိုလ်တရား ခြောက်မျိုးရှိရင် တရား၌ဘည်းကဲ့သူ၊ သီလပြည့်စုံတဲ့သူလို့ ဆိုရပါတယ်။

တစ်နည်း... အဋ္ဌကထာဆရာ ဖွင့်ဆိုချက်ကို ပြောဆိုရရင် အဲဒီကုသိုလ် ခြောက်မျိုးကို ပြုလုပ်ကြတဲ့ သူတွေမှာ ကုသိုလ်တရားမြတ်ဆယ်ပါး ပြည့်ဝသွားကြတယ်။

အဲဒီ ကုသိုလ်တရားမြတ် ဆယ်ပါးမှာ တည်သွားကြတော့ တရား၌ တည်သူ(တရားရှိသူ) သီလရှိသူတွေ (သီလနှင့် ပြည့်စုံသူတွေ) ဖြစ်သွားကြပါတယ်။

ဒါ့ကြောင့် 'အမြဲနေ့ည+ကုသိုလ်ရ'အောင်....

၁။ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်တွေ စိုက်ပျိုးကြပါ။

၂။ တောသစ်ပင်တွေ စိုက်ပျိုးကြပါ။

၃။ တံတားတွေ, လမ်းတွေ ဟောင်းနေရင်, ပျက်နေရင် အသစ်ခင်းပေးပါ၊ ပြင်ပေးပါ။

၄။ ရေအိုးစင်တွေ တည်ပေးပါ။

၅။ ရေတွင်း, ရေကန် တူးဖော်ပေးပါ၊ လုပ်အားပေးပါ။

၆။ ဇရပ်တွေ, တန်ဆောင်းတွေ၊ ကျောင်းတွေ၊ မွှာရုံတွေ စာသင်ကျောင်း ဆောင်တွေ၊ ဆေးရုံတွေ ဆောက်လုပ်လှူဒါန်းပေးပါ။

အဲဒီ ကုသိုလ်ခြောက်မျိုးရှိပြီး တရား၌တည်ကာ သီလနှင့်ပြည့်စုံသူတွေဟာ နတ်ပြည်လောက ဘုံဘဝကို မုချပိုင်ပိုင် သွားရောက်နိုင်ပါတယ်။

မေး။ ။တရားနာပရိသတ် နတ်ပြည် မရောက်ချင်ဘူးလား။

ဖြေ။ ။ရောက်ချင်ပါတယ် ဘုရား။

- ချမ်းသာချင်၊ များလှူရှင်၊ အစဉ်ပေးလှူပါ။
- သူ့ဥစ္စာပင်၊ ကိုယ်လိုချင်၊ အရင်ကိုယ်ပေးပါ၊

မေး။ ။မပေးမလှူတဲ့ ပစ္စည်းဥစ္စာတွေ ဘယ်လိုဘေးတွေနဲ့ ကြုံတတ်သတဲ့လဲ။

ဖြေ။ ။သူခိုးဓားပြဘေး၊ မင်းဘေး မီးဘေး ပျောက်ပျက်ဘေးတွေနဲ့ ကြုံတတ်ပါတယ်ဘုရား။

မေး။ ။အဲဒီဘေးတွေနဲ့ မတွေ့ချင်ဘူးလား။

ဖြေ။ ။မတွေ့ချင်ပါဘုရား။ (အဲဒီဘေးတွေရဲ့ အမည်မျှပင် မကြားချင်ပါဘူးဘုရား)။

ဒါဆိုရင် တရားနာပရိသတ် နောင်ဘဝမှာ ခေါင်ကနေရမယ့် ဒါနတပုံးကြီးကို ဆောင်ထားကြပါ၊ ဒါနပြုဖို့ မမေ့ကြပါနဲ့လို့ မှာကြားခဲ့ပါတယ်။

- ဒါနဆောင်မှ၊ နောင်ဘဝ၊ ခေါင်ကနေရမည်။
- ဒါနတရား၊ မေ့မထား၊ ကြိုးစားပြုရမည်။
- ဒါနရှိအောင်၊ သတိဆောင်၊ မယ်မောင် ကျင့်ရမည်။

ကဲ...နတ်သား လျှောက်သားတဲ့ နောက်ဆုံး စတုတ္ထဂါထာ ဆက်ပြီး နာကြည့်ကြပါ။

၄။ အထ အဍ္ဍေန ဇဟာတိ၊ သရီရံ သပရိဂ္ဂဟံ။
တေဒညာယ မေဓာဝီ၊ ဘုဉ္ဇေထစ ဒဒေထစ၊
ဒတွာစ ဘုတွာစ ယထာနုဘာဝံ။
အနိန္ဒိတော သဂ္ဂမုပေတိ ဌာနန္တိ။

အထ-ထိုသို့ မီး+မင်း+ခိုးသူ မယူဖျက် နှောင့်ယှက်မှုကင်း ကျန်ကာကြွင်းကာ နေခဲ့ပါလျှင်လည်း၊ အဍ္ဍေန- ခန္ဓာကြွေကျ သေဆုံးရသဖြင့်၊ သရီရံ- အချစ်ဆုံးဆို မိမိကိုကိုယ် လည်းကောင်း၊ သပရိဂ္ဂဟံ-မိမိသိမ်းထား စီးပွားဥစ္စာ ရတနာရွှေငွေ အထွေထွေကို လည်းကောင်း၊ ဇဟာတိ- မလွဲသာလွဲသာ အသည်းနာ၍ ခွဲခါခွဲခါ စွန့်ပစ်ခဲ့ရပါပေ၏။

တရားနာပရိသတ် သေသေချာချာ စဉ်းစား တွေးတောပြီးတော့ ကြည့်နော်၊ မီးတွေ, မင်းတွေ, ခိုးသူတွေ, မယူသေး မဖျက်သေး မပျောက်မပျက်သေးဘဲ ပစ္စည်းတွေ ကျန်နေသေးတယ်ဆိုရင်လည်း သေသွားတဲ့အခါကျတော့ မိမိ အင်မတန် အချစ်ဆုံးဖြင်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ ရတူးဂုဏ်သိန် အရှိန်အဝါ အားလုံးပါမကျန် ကိုယ်တိုင် ရှာဖွေစုဆောင်း သိမ်းဆည်းထားတဲ့ စီးပွားဥစ္စာလယ်ယာ ရွှေငွေအားလုံးသော ပစ္စည်းတွေကို မလွဲချင်ဘဲနဲ့လွဲ မခွဲချင်ဘဲနဲ့ ခွဲပြီးတော့ (စွန့်ပစ်ခဲ့ပြီးတော့) သွားကြရတယ်။

တိုတိုကျဉ်းကျဉ်း လိုရင်းပြောရမယ်ဆိုရင် သက်ရှိ+သက်မဲ့အားလုံးကို စွန့်ပစ်ပြီး (ထားခဲ့ပြီး) သွားကြရတယ်လို့ မှတ်လိုက်ပါ။

ဧတံ-ဤသို့ဟောပြော ဤသို့သော တရားသဘောကို အညာဏ-မှန်စွာထိမိ မြင်စွာသိ၍၊ မေဓာဝီ- ခုနောင်ဘဝ ချမ်းသာရကြောင်း အကောင်းမြင်သိ ပညာရှိသည်၊ ဘုဉ္ဇေထစ-ကိုယ်တိုင်လည်းပဲ အမြဲခါခါ သုံးဆောင် စားသောက်ရာ၏။ တဒေထစ- ကြည်ဖြူသနားသူတစ်ပါးတို့အားလည်း တရားသိကာ ပေးလှူရာ၏။

အဲဒီ သက်ရှိသက်မဲ့ အားလုံးကိုစွန့်ပစ်ထားခဲ့ပြီး သွားရတဲ့အဖြစ်တရားသဘောကို စစ်ကြောသိမြင်ပြီးတော့ ခုဘဝနောက်ဘဝ ချမ်းသာရမယ် အကြောင်းတွေကို ကောင်းကောင်းမြင်သိတဲ့ ပညာရှိပုဂ္ဂိုလ်ဟာ ကိုယ်တိုင်လည်း အားရပါးရ စားသုံးရမယ်၊ သူတစ်ပါတွေကိုလည်းပဲ နည်းများမဟူ စိတ်ကြည်ဖြူကာ ပေးလှူရမနော်။

ပညာရှိဆိုတာ ' ဒါနရှိတဲ့(ဒါနပြုတဲ့)သူဟာ ခုဘဝနောက်ဘဝ ချမ်းသာမယ့်အကြောင်းတွေ ကြောင်းနေတာလို့ (လုပ်ကိုင်နေတာလို့) သေသေချာချာ ကောင်းစွာထိမိ သိရှိတဲ့လူတွေပါပဲ။

(ပညာဆိုတာ)ကိုယ်တိုင်ကလည်း စားရမယ်၊ သူတစ်ပါးလည်း ပေးရမယ် လှူရမယ်။

ကိုယ်တိုင်လည်း မစားဘူး၊ သူတစ်ပါးလည်း မပေးလှူဘူးဆိုရင် ဒါပညာရှိမဟုတ်တော့ဘူး၊ ပညာမဲ့ လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)။

၁၀။ ပရသမ္ဘတေသု ဘောဂေသု၊ ဝသဝတ္တိဝ မောဒရေ။
ဒိဋ္ဌေ ဓမ္မေ သဝိပါကော၊ သမ္ပရာယေစ သုဂ္ဂတိတိ။

၈။ ကူဋဓလောကေ- စစ်ဖွေပြောပြ ဤလောက၌၊ ယေ- အချို့သောသူ အကြင်လူတို့သည်၊ မနုဿတ္တံ-ကံကောင်းစင်စစ် လူအဖြစ်ကို၊ လဒ္ဓါ-မှန်စွာခံကြုံ ရလာကုန်၍၊ ဝဒညူ-အလှူခံများ ဆိုစကားကို သိနားလည်ကြကုန်၏၊ ဝီတမစ္ဆရာ- နှမြောမှုတွေကင်းကြကုန်ပေ၏၊ ဗုဒ္ဓေစ- သစ္စာသိတတ် ဘုရားမြတ်၌ လည်းကေင်း၊ ဓမ္မေစ- ရှင်တော်ဟောကြား မြတ်တရား၌ လည်းကောင်း၊ သံဃေစ- ချစ်သားအကျော် သံဃာတော်၌ လည်းကောင်း၊ ပသန္နာ- မှိုခိုနေ့သည် ကြည်ညိုကြကုန်၏။ တိဗ္ဗဂါရဝါ ထက်သန်ရိုသေ ရှိကြပါပေကုန်၏၊ တေ- ထိုလူမမှား ထိုလူသားလူသည်။၊ ယတ္ထ - သေလွန်ပြီးနောက် အမှန်ရောက်ရှာ အကြင်နတ်ရွာ၌၊ ဥပပဇ္ဇရေ- မလွဲစုံပြုံရောက်ကြကုန်၏၊ တတ္ထ- သေပြီးရောက်ရာ ထိုနတ်ရွာ၌၊ တေ- တန်ခိုးမချို့ ထိုနတ်တို့သည်၊ သဂ္ဂါ- မှတ်ပါအတည် ထက်နတ်ပြည်ကို၊ပကာသန္တိ- စိတ်ကြံအောင်အောင် ဗိမာန်ဆောင်ဖြင့် အမှောင်ခွင်းချ ထွန်းလင်းတောက်ပကုန်၏။

၉။ မနုဿတ္တံ- လူ့ပြည်လောက ဘုံသဝသို့၊ သစေနွိ- တကယ်စင်စစ် ရောက်ကုန်သည်ဖြစ်အံ့။ အစ္စေ- စီးပွားဥစ္စာ အဖြာဖြာပြည့်စုံ ကြွယ်ဝကုန်သော၊ ကုလေ- ကောင်းကျိုးထင်ပေါ်အမျိုးကျော်၌၊ အာဇာယရေ၊ မလွဲမသွေ ဖြစ်ရပေကုန်၏၊ ယတ္ထ-အကြင်အမျိုး၌၊ စောဠ- အဝတ်ပုဆိုး အသစ်မျိုးကို လည်းကောင်း၊ ပိဏ္ဍော-ထမင်းအဖျော်ကို လည်းကောင်း၊ ရတိ-ကာမဂုဏ် ငါးပါးအာရုံများဖြင့် ပျော်ပါးမွေ့လျော်ခြင်းကိုလည်းကောင်း၊ ခိဍ္ဍာ-ကိုယ်နှုတ်နှလုံး အစဉ်ပြုံးထူး ရွှင်ပြုံးခြင်းကိုလည်းကောင်း၊ အကိစ္ဆေန- ချမ်းသာအစဉ် မငြိုငြင်သဖြင့်၊ လဗ္ဘတိ- မှန်စွာမသွေ ရအပ်ပေ၏၊ တတ္ထ-ထင်ပေါ်ကောင်းကျိုး ထိုအမျိုး၌၊ အာဇာယာရ- မလွဲမသွေ ဖြစ်ရပါပေပျှိန်၏။

၁၀။ ပရသမ္ဘတေသု- ကိုယ်မှမခြား သူတစ်ပါးတို့သည် အတည်မပြတ် ဆည်းပူးကပ်ကုန်သော၊ ဘောဂေသု- စီးပွားဥစ္စာ အဖြာဖြာတို့သည်။ ဝသဝတ္တိစ- မိမိ၏သာ လိုလိုရာဆီ လိုက်ပါ

ရသည်ဖြစ်၍သာလျှင်၊ မောဒရေ-ဇွေနေညည၊ ဝမ်းခံပြောက်ကြရကုန်၏၊ သသောဝိပါကော - နေ့ညဝမ်းမြောက်၊ အုံ့လောက်အောင်တို့၊ ထို အကျိုးသည်၊ ဓိဌေဓမ္မ-မျက်မှောက်ရှုကြ၊ ယခုဘဝ၌၊ ဟောတိ· မလွဲမသေ ဖြစ်ရပေ၏၊ သမ္ပရာယေစ - တမလွန်ဟု ခေါ်တွင်ပြုရ၊ နောက်ဘဝ၌လည်း၊ သုဂ္ဂတိ - ကောင်းသူလားဘိ၊ နတ်ရွာသုဂတိသို့၊ ဂစ္ဆတိ - မလွဲမသွေ ရောက်ရပေ၏၊ ဣတိ-ဤသို့သချာ ဤသို့ သာလျှင် ဘဂဝါ-ဘုန်းတော်ကြီးမား၊မြတ်စွာဘုရားသည်၊ ဝိသာဇွေသိ-သိခံစာတ်စေ ကျင့်နိုင်စေဟု ရည်ရွယ်ပြု၍ ကရုဏာရှေ့ဆောင် မေတ္တာတော်ဖြင့် ဖွင့်မော်ကောင်းစွာ ဖြေကြားတော် မူလိုက်ပါပေ သတည်း။

သာဓု....သာဓု....သာဓုပါဘုရား။

၈။ ကံကောင်းထောက်မ လူ့ဘဝကိုရလာတဲ့အခါ အလှူခံမြင် ကြည်လင်ရွှင်ပြ၊ လှူဒါန်းကြသူ၊ နှမြောဝန်တိုကင်းတဲ့သူတွေ၊ ရတနာ သုံးပါး လေးစားကြည်ညို ရှိသေကြတဲ့သူတွေဟာ နတ်ပြည်ကို ရောက်ရတယ်၊ အဲဒီနတ်ပြည်မှာလည်း အုံ့ညြစရာ ကောင်းလောက် အောင် နေရာဗိမာန် အရောင်တွေ တပြောင်ပြောင် · တဝင်းဝင်း အခြားနတ်အများထက် သာလွန်ရပြန်တယ်။

ကဲ..လက်ာလေးတွေ လိုက်ဆိုကြ

- ကံကောင်းထောက်မ၊ လူ့ဘဝ၊ ခဏခိုက်မှာ။
- အလှူခံမြင်၊ ပေးလှူချင်၊ ကင်းဝန်တိုတာ။
- ရတနာသုံး၊ ပုလဲကုံး၊ ဆွဲသုံးကြည်ညိုရှာ။
- ထိုပုဂ္ဂိုလ်များ၊ နတ်ပြည်သွား၊ ဟောကြားဤသို့လာ။
- အုံ့ညြလောက်အောင်၊ ဗိမာန်ရောင်၊ ထွန်းပြောင်ထိန်လင်း သာ။

၉။ လူ့ဘုံလူ့ဘဝရောက်လာပြန်ရင်လည်း ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ ဖြစ်ရတယ်၊ အဝတ်တွေ အစားတွေ ပေါများရတယ်၊

ကာမဂုဏ်အာရုံတွေလည်း အားရပါးရ ပျော်မွေ့ရတယ်၊ ကိုယ်နှုတ်စိတ်သုံးပါးလုံး ရွှင်ပြုံးကြည်နူးရတယ်၊ ဒါ ယခုလက်ရှိဘဝမှာရတဲ့ ကောင်းကျိုးပါပဲ။

ကဲ....လင်္ကာလေးတွေ လိုက်ဆိုကြ....

* ကြည်ညိုကြသူ၊ ရိုသေသူ ပေးလှူကြသူတွေ။
* လူ့ပြည်ရောက်လာ၊ လွန်ချမ်းသာ၊ မျိုးမှာဖြစ်ရပေ။
* အဝတ်အစား၊ တကယ်များ၊ စီးပွားဖြစ်ထွန်းပေ။
* ကာမဂုဏ်ငါး၊ အာရုံများ၊ တအားပျော်ရပေ။
* ယခုဘဝ၊ ကောင်းကျိုးရ၊ ဗုဒ္ဓဟောပြပေ။

၁၀။ သူတစ်ပါးတွေ ရှာဖွေစုဆောင်းထားတဲ့ စီးပွားဥစ္စာတွေဟာ မိမိအလိုသို့ လိုက်ရပါတယ်၊ အဲဒီလိုလိုက်ပါရဖို့တော့ နေ့ရောညဥ့်ပါ တကယ်ဝမ်းသာကြည်နူးရတယ်၊ မိမိလုပ်ကိုင်နေတဲ့ အရောင်းအဝယ် ဖောက်ကားတဲ့ လုပ်ငန်းကိုင်ငန်းတွေဟာ အံ့ဩစရာကောင်းလောက်အောင် အကျိုးပေးပြီး (အဆင်ပြေပြီး) ရောင်းလို့လည်းကောင်း၊ ဝယ်လို့လည်းကောင်းပြီး စီးပွားဥစ္စာရတနာ ရွှေငွေ အထွေထွေဟာ တစ်နေ့တခြား ဒီရေအလားကဲ့သို့ ကြီးပွားတိုးတက်လာတယ်၊ ဒါလည်း ယခုလက်ရှိဘဝမှာရတဲ့ ကောင်းကျိုးပါပဲ။

မေး။ ။တရားနာပရိတ်သတ် ရောင်းလို့ဝယ်လို့ မကောင်းချင်ဘူးလား။
ဖြေ။ ။ကောင်းချင်ပါတယ်ဘုရား။

မေး။ ။ချမ်းသာကြွယ်ဝတဲ့ အမျိုးကောင်းတွေမှာ မဖြစ်ချင်ဘူးလား။
ဖြေ။ ။ဖြစ်ချင်ပါတယ်ဘုရား။

မေး။ ။စီးပွားဥစ္စာ ရတနာရွှေငွေတွေ မပေါချင်ဘူးလား။
ဖြေ။ ။ပေါချင်ပါတယ် ဘုရား။

အေး... ဟုတ်ပြီ။ ကောင်းချင် ဖြစ်ချင် ပေါချင်ရင် အလှူခံအိမ်ဝင်လာရင် မျက်နှာလွဲမသွားနဲ့၊ ရှောင်ပြီးတော့ မသွားနဲ့၊ ရဟန်းငယ် ကိုရင်ငယ် စာသင်သားလေးတွေ ဆွမ်းခံအိမ်လာဖိတ်ရင် ကန်တော့ပါ၊ အလုပ်မအား လို့ပါ၊ အိမ်လူမရှိလို့ပါ မလုပ်ပါနဲ့၊ အဆင်ပြေ

သီလံ-ငါးပါး+ရှစ်ပါး အစထားသည့် များပြားသီလ အ၀၀ ,သည့်၊ ယာ၀ဇရာ-ကလေးကစ အိုချိန်ကျအောင် (၀ါ) အဘိုးအမယ် အရွယ်ကြီးသည့် အိုချိန်ထိအောင်၊ သာဓု-ကဲ့ရဲ့စရာ မရှိပါဘဲ မှန်စွာ မသေ့ ကောင်းလှပေ၏၊ သဒ္ဒါ-ရတနာသုံးတန် ကံ+ကံ၏အကျိုး ဤငါးမျိုးနှင့် အချိုးကျကျ မဂ်ဖိုလ်ရအောင် တန်ဖိုးဆောင်တတ် သဒ္ဒါဓာတ်သည်၊ ပတိဋ္ဌာ-မြိမိသန္တာန် မြဲမြံခိုင်ခံ့ အရှည်ကြန့်ကြာ တည်တံ့ပါမှုကား၊ သာဓု-အမြတ်စေ ကောင်းမြတ်ပေ၏၊ ပညာ-ကောင်းသည့်အရာ အဖြာဖြာ၌ ကောင်းစွာခွဲခြမ်း သိနိုင်စွမ်းသား ပညာတရားသည်၊ နရာန်-သုံးဆယ့်တစ်ဘုံ စုံဆန်သွားလာ သတ္တဝါတို့၏၊ ရတန်-ရောက်ရာဘ၀ အောက်မကျအောင် ထောက်မဆက်ဆက် နှစ်သက်စရာ ရတနာမည်ပါပေ၏၊ ပုညံ-ဒါန+သီလ ဘာ၀နာစုပေါင်း ကောင်းမှုစေတနာ အဖြာဖြာကို၊ စောရေဟိ-အဆိုးပထမ သူခိုးဓားပြ တို့သည်၊ ဒုဟရံ-အိမ်လုံးမွှေနှောက် ထက်အောက်မလပ် လှုကို သတ်လည်း မကပ်မပါ မဆောင်ယူအပ်နိုင်ပါပေ၊ (၀ါ) နာမ်တရားသာ ဖြစ်နေတာကြောင့် ဘယ်ခါပိုင်ပိုင် မဆောင်ယူနိုင်ပါချေ၊ (၀ါ)-ရုပ်တရားတွေ မဟုတ်ပေ၍ မှတ်လေအမြဲ ဆောင်နိုင်ခဲ၏၊ ဣတိ-ဤသို့ သေချာ ဤသို့သာလျှင်၊ ဘဂ၀ါ-ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ အောင်သူ ထိပ်တင်၊ အောင်ဘုရင် ထိပ်တန်း အောင်ရဟန်းတို့ ဆရာ စောမြတ်စွာသည်၊ အဝေါစ-သဘောကျစေ ဒီအနေဖြင့် ရည်ချွေ ကောင်းစွာ ဖြေကြားဟောပြတော်မူလိုက်ပါပေသတည်း။

သာဓု....သာဓု....သာဓုပါဘုရား။

## ၁။ သိလိုတဲ့အရေးဖြင့် မနေးလျှောက်ထား အိုနတ်သား။

အိုသည့်တိုင်အောင် ကောင်းတဲ့တရား သီလပါပဲ၊ ရတနာ ရွှေငွေ အထွေထွေသော အဆင်တန်ဆာတွေဟာ ငယ်ရွယ်တဲ့အချိန်ပဲ တင့်တယ်စေတယ်၊ အသက်အရွယ်ကြီးဘဲ့ အဘွားအိုကြီးတွေ ရွှေငွေ စတဲ့ ရတနာတွေ ၀တ်ဆင်နေရင် 'ဒီအဘွားကြီး ရှူးနေတယ်ထင်တယ်၊ ယခုထိ မလျှော့သေးဘူး၊ အသက်ကတော့ သေခါနီးနေပြီ၊ လှချင်

ပညာဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ။ (ဇာဋ္ဌ ၃-၃၂၇)

ပညာဟိ-ပညာဝေ-ပညာရတနာသည်သာလျှင်၊ သေဋ္ဌာ-အထူး သဖြင့် ချီးမွမ်းအပ်မြတ်လှ၏ဟူ၍၊ ကုသလာ- တရားအရာ လိမ္မာတော် မူကြသောသူတို့သည်၊ ဝဒန္တိ-သာယာအေးမြ ဆိုမိန့်ကြကုန်၏။

ဒီလောကကြီးမှာ ပညာရတနာဟာ အကောင်းဆုံး အမြတ် ဆုံးပါ။

မေး။ ။သတ္တဝါတွေ (လူတွေ)ရဲ့ နှစ်သက်စရာဖြစ်တဲ့ အကောင်းဆုံး အမြတ်ဆုံးရတနာက ဘယ်ရတနာလဲ။

ဖြေ။ ။ပညာရတနာပါဘုရား။

၄။ သူခိုးတွေ ဓားပြတွေ ခိုးယူလို့မရတဲ့ဥစ္စာက ကောင်းမှု ကုသိုလ်စေတနာပါ။ အဲဒီကုသိုလ်စေတနာကို ဘာ့ကြောင့် ခိုးလို့ယူလို့ မရသလဲဆိုရင် ရုပ်တရားမဟုတ်လို့ (နာမ်တရားဖြစ်နေလို့) လို့ မှတ် ပါ။ ရုပ်တရား ရုပ်ဝတ္ထုတွေကိုသာ ခိုးသူလို့ရတာ နာမ်တရားကို ခိုးယူလို့ မရဘူးလို့ သဘောကျပါ။

* ပုညန္တိ ပုည စေတနာ။ သာ ဟိ အရူပတ္တာ ပရိဟရိတုံ န သက္ကာတိ။ (သံ ဋ ၁-၀၇)

မေး။ ။ဒီတော့ သူခိုး ဓားပြတွေ ခိုးယူလို့မရတဲ့ ကုသိုလ်တရားတွေ မလုပ်သင့်ဘူးလား။

ဖြေ။ ။လုပ်သင့်ပါတယ်ဘုရား။

အိမ်တစ်အိမ်ကို သူခိုးတွေဓားပြတွေ လာပြီးတော့ ခိုးပြီ ယူပြီ တိုက်ပြီဆိုရင် အိမ်မှာရှိတဲ့ ရတနာရွှေငွေ အထွေထွေဟာ သူခိုးတွေ ဓားပြတွေဆီ ပါသွားမှာ သေချာပါတယ်။ ဒါပေမယ့် အဲဒီ အိမ်သူ အိမ်သားတွေ ပြုလုပ်ထားတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု စေတနာတွေကိုတော့ သူခိုး ဓားပြတွေ ခိုးယူလို့ ရနိုင်ပါ့မလား။ (မရ နိုင်ပါဘူးဘုရား)။

မေး။ ။ဒီနေ့ပြောတဲ့ သုတ္တန်က ဘာသုတ္တန်တဲ့လဲ။

ဖြေ။ ။ဇရာသုတ္တန်ပါဘုရား။

သား သမီးတွေဟာ မိဘထက် သူစိမ်းကို ပိုကြတယ် ဆိုတာ သိစေချင်လို့ ဒီအကြောင်းလေးထည့်ပြောပြတာပါ။ အဲဒီ ဒကာလေးလို မဖြစ်ကြပါစေနဲ့လို့လည်း ဆန္ဒပြု ဆုတောင်းခဲ့ပါတယ်။

သားသမီးရဲ့အပေါ်မှာ မေတ္တာအပြည့် စေတနာအပြည့် ကရုဏာအပြည့် ပေးနိုင်တဲ့သူဟာ အမေပါပဲ၊ အမေ့လို မေတ္တာ စေတနာ ကရုဏာ ထားနိုင်သူဟာ လိုက်ပြီးတော့ ရှာကြည့်ပါ။ ဘယ်တော့မှ တွေ့မှာ မဟုတ်ပါဘူး။ အမေလိုထားနိုင်တာ အမေပဲရှိပါတယ်။ အမေ လောက်ကောင်းတာ အမေပဲရှိပါတယ်။ အမေကို မပြုစု မလုပ်ကျွေးနိုင် စေကာမူ အမေစိတ်ကောင်းအောင်၊ အမေစိတ်ချမ်းသာအောင် နေသင့် ထိုင်သင့် ပြောဆိုသင့်တယ်။

မေး။ ။နေမကောင်း ထိုင်မကောင်းဖြစ်ရင် (ရောဂါဖြစ်ရင်) ဇနီး မယား၊ သားသမီးတွေ ရွံရှာတဲ့ ကျင်ကြီး ကျင်ငယ်တွေကို မိဘတွေက မရွံမရှာ လုပ်မပေးကြဘူးလား။

ဖြေ။ ။လုပ်ပေးပါတယ်ဘုရား။

မေး။ ။ဇနီးမယား၊ သားသမီးတွေက မရွံရှာကြဘူးလား။

ဖြေ။ ။ရွံရှာကြပါတယ်ဘုရား။

မေး။ ။အမေကတော့....

ဖြေ။ ။မရွံရှာပါဘူး ဘုရား။

မေး။ ။ဒီလိုဆိုရင် အမေနဲ့ ဇနီးမယား၊ သားသမီးတွေ ဘယ်သူ့ကို ပိုပြီး ချစ်ရကောင်းသလဲ။

ဖြေ။ ။အမေ့ကို ပိုပြီး ချစ်ရကောင်းပါတယ်ဘုရား။

အမေ့ကို ပိုပြီးတော့ ချစ်နိုင်ကြပါစေ၊ ချစ်တတ်၊ မြတ်နိုးတတ်၊ ပြုစုတတ်ကြပါစေ၊ ပြုစုနိုင်ကြပါစေ။ အမေကို ပြုစုလုပ်ကျွေးသူတိုင်း ဘယ်တော့မှ မကောင်းတဲ့ အပါယ်လေးပါးကို မရောက်တော့ပါဘူး။ ဒီတော့ အမေဟာ ထိကယ်မကောင်းတဲ့ အပါယ်လေးပါးတ မရောက် အောင် ကယ်မ စောင့်ရှောက် တားမြစ်ပေးတတ်သူလို့လည်း မှတ်ရမယ် တရား။

မေး။ ။အမေရဲ့ မေတ္တာပန်းအလှတွေကို မပန်သင့်ဘူးလား။

။ပန်သင့်ပါတယ် ဘုရား။

အစွမ်း ပညာနဲ့ အသက်မွေးရတယ် (အသက်ရှင်ရတယ်)။ (သံ၄-၁-၉၁)။

ဒီတော့ လူဆိုရင် ဒါနပြု, သီလဆောက်တည်သူ၊ ရဟန်းဆိုရင် ပစ္စည်းလေးပါး ဆင်ခြင် ကမ္မဋ္ဌာန်းယူ ဝိပဿနာ အားထုတ်ပြီး အရိယဖိုလ်ကို ရသူဟာ ပညာဖြင့် အသက်မွေးသူပါ၊ အဲဒီလို လူပဲ ဖြစ်ဖြစ် ရဟန်းပဲ ဖြစ်ဖြစ် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့ သူကို ချီးမွမ်းအပ် အမြတ်ဆုံးပုဂ္ဂိုလ်ပဲလို့ ဘုရားတွေ့ သူတော်ကောင်း တွေ မိန့်ဆိုဟောပြတယ်။

ဒီတော့ ဒါန, သီလ, ဘာဝနာတရားတွေကို ကြိုးစား အားထုတ် နေရင် ပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုတယ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)။

မေး။ ။ပညာနဲ့ အသက်ရှင်တာက ကောင်းသလား၊ ဥစ္စာနဲ့ အသက် ရှင်တာက ကောင်းသလား။

ဖြေ။ ။ပညာနဲ့ အသက်ရှင်တာက ကောင်းပါတယ်ဘုရား။

မေး။ ။ဒီလောကကြီးမှာ ပညာနဲ့ အသက်ရှင်တဲ့သူနဲ့ ဥစ္စာနဲ့ အသက် ရှင်တဲ့သူ ဘယ်သူက ပိုများသလဲ။

ဖြေ။ ။ဥစ္စာနဲ့ အသက်ရှင်တဲ့သူက ပိုများပါတယ်ဘုရား။

မေး။ ။ဒီနေ့ တရားနာပရိသတ်တွေက....

ဖြေ။ ။ပညာနဲ့ အသက်ရှင်သူတွေပါဘုရား။

မှန်တာပေါ့။ တရားနာ-တရားပွဲမှာ ဓမ္မဒါနတရားအလှူတွေ လှူကြ, သီလတွေ ဆောက်တည်နေကြတာ ဆိုတော့ ဒီလိုပဲ ဖြေရမယ် နော်။ (မှန်လှပါဘုရား)။

မေး။ ။ပညာနည်းတဲ့ (ပညာမဲ့တဲ့)သူတွေ တရား နာနိုင်ရဲ့လား။

ဖြေ။ ။မနာနိုင်ပါဘုရား။

မေး။ ။တရားလှူနိုင်ရဲ့လား။

ဖြေ။ ။မလှူနိုင်ပါဘုရား။

အပြေဂါထာ ဆက်ပြီး ဟောကြားရအောင်။

၃။ ဥဘော ပုညဉ္စ ပါပဉ္စ၊ ယံ မစ္စော ကုရုတေ ဣဓ။

တံ ဟိ တဿ သကံ ဟောတိ၊ တဉ္စ အာဒါယ ဂစ္ဆတိ။

တဉ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနပါယိနီ။

ဣဓ-အတည် ပြောပြ ဤလောက၌၊ မစ္စော-စစ်ပြောသူဝါ သတ္တဝါသည်၊ ဥဘော-နှစ်ပါးကုန်သော၊ ယံပုညဉ္စ-အကြင်ပေါင်းစု မြတ်ကောင်းမှုကို လည်းကောင်း၊ ယံပါပဉ္စ- အကြင်ပေါင်းစု မကောင်းမှုကို လည်းကောင်း၊ ကုရုတေ- အမြဲတစေ ပြုလုပ်နေ၏၊ တံဟိ တံဝေ- ကောင်းကံ မကောင်းကံ ထိုအကြောင်းနှစ်ထန်သည် သာလျှင်၊ တဿ-လူ့ကိုယ် လူ့ဘဝ စွန့်ခွာရသူ ထိုအများလူ၏၊ သကံ ဟောတိ-ကိုယ်ပိုင်စင်စစ် ဥစ္စာဖြစ်၏၊ တဉ္စ-ကောင်းမှု မကောင်းမှု အကြောင်းနှစ်ခုဆို ထိုဥစ္စာကိုသာလျှင်၊ အာဒါယ-မက္ခာအတူ အပါယူ၍၊ ဂစ္ဆတိ-မလွဲမသွေ မခွဲစေကာ သွားရပါ၏၊ ဆာယာ-ကိုယ့်ရဲ့ကိုယ်စား ကိုယ်ပွားအနေ ဆိုငြားဝေရ အရိပ်လှသည်၊ အနပါယိနီဣဝ- အစဉ်တစိုက် အမြဲလိုက်သကဲ့သို့၊ တဉ္စ-ကောင်းမှု မကောင်းမှု ထိုအကြောင်းနှစ်ခုသည်သာလျှင်၊ အဿ-ဘဝပြောင်းသူ ထိုရှင်လူအား၊ အနုဂံ- အစဉ်တစိုက် အမြဲလိုက်သည်၊ ဟောတိ-မုချ ပုံသေ ဖြစ်ပါပေ၏။

၁။ အများမဆိုင် ကိုယ်ပိုင်ဥစ္စာဟာ ကောင်းမှု မကောင်းမှုကံ နှစ်မျိုးပါပဲ။

၂။ ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့ ကောင်းမှု၊ မကောင်းမှုကံ နှစ်ခုကို ယူပြီးတော့ သွားရမှာပါပဲ။

၃။ ကောင်းမှု မကောင်းမှု ကံနှစ်ခုဟာ မိမိရဲ့နောက်က အမြဲတစေ လိုက်ပါနေတဲ့ အရိပ်ပမာ မိမိသွားရာ ဘဝသံသရာ အစဉ်ပါအောင် မက္ခာစိုက်စိုက် အမြဲ လိုက်ပါနေမှာပါပဲ။

ကဲ....အဖြေလင်္ကာလေးတွေ လိုက်ဆိုကြ။

* ကိုယ်ပိုင်ဆိုင်တာ၊ ကိုယ့်ဥစ္စာ၊ နှစ်ဖြာ+ကု+အကုပဲ။
* ကု+အ+နှစ်ဖြာ၊ ယူဆောင်ကာ၊ သူငါသွားရမြဲ။
* အရိပ်ပမာ၊ ကိုယ့်နောက်ပါ၊ လိုက်မှာကု+အ+ပဲ။

(မှတ်ချက်။ ။ကု=ကောင်းမှုကုသိုလ်။ ။အ=မကောင်းမှု အကုသိုလ်။)

ကဲ....ပြီးတော့မှာပါ၊ နောက်ဆုံးဂါထာ ဆက်ပြီးတော့ ဟော ကြ နာကြရအောင်။

၄။ တသ္မာကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။

ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနန္တိ။

တသ္မာ-ကိုယ်ပိုင်ဥစ္စာ၊ ကု+အ သာလျှင် သွားရာလိုက်သော ထိုသဘောကြောင့်၊ သမ္ပရာယိကံ-စခန်းတမလွန် အဆန်းထွင်လစ် ကြီးပွားကြောင်းဖြစ်သော၊ နိစယံ-နေ့ညမပြတ် ဆည်းပူးအပ်သော၊ ကလျာဏံ-ပေါင်းစုအဟုတ် ကောင်းမှုဆိုတဲ့အလုပ်ကြီးကို၊ ကရေယျ-မနှေးအမြန် အေးအကြံဖြင့် တွေးဉာဏ်ပါပါ ပြုလုပ်ရာ၏၊ ပုညာနိ-ယခုဘဝ ယခုစ၍ ပြုကြကြည်နူး ကောင်းမှုအထူးတို့သည်၊ ပရ-လောကသ္မိံ-တမလွန်ဟု ခေါ်တွင်ပြုရ နောက်ဘဝ၌၊ ပါဏိနံ-ကောင်းမှုပြုရှာ သတ္တဝါတို့၏၊ ပတိဋ္ဌာ-တည်ရာ မှီရာ အားထားရာ တို့သည်၊ ဟောန္တိ-မလွဲမသွေ ဖြစ်ကြပါပေကုန်၏၊ ဣတိ-ဤသို့ ဂါထာ ဤသို့သာလျှင်၊ ဘဂဝါ-ဘုန်းတော်ကြီးမား မြတ်စွာဘုရား သည်၊ အဝေါစ-ကောသလမင်း သောတရှင်းအောင် အလင်းဆောင် တာ ဟောပြ မိန့်ကြားတော် မူလိုက်ပါပေတည်း။

သာဓု ...သာဓု ...သာဓုပါဘုရား။

ယနေ့ဦးပဉ္စင်းရဲ့ ဟောဒိ တရားနာ ပရိသတ်အပေါင်း သူတော် ကောင်းတွေပြုတဲ့ ကုသိုလ် အကုသိုလ်ဆိုတဲ့ ကိုယ်ပိုင်ဥစ္စာကသာလျှင် ကိုယ့်နောက် လိုက်ပါမယ်ဆိုတာ သေသေချာချာသိပြီး နောက်ဘဝ မှာ ကြီးပွားကြောင်း တကယ်အကောင်းဆုံး လက်နက်ကြီးဖြစ်တဲ့

ကလေးငယ်သည်၊ အာယုံ - အသက် တိုသည့် ရှည်ကြာသည်ကို၊ နှစ်ပေါင်းတိုက္ခ၀- မကြံစည်ပြား မစဉ်းစားသကဲ့သို့၊ တသာ- မတွေး တကယ် ထိုကလေးငယ်အတူ၊ သုပေါရိသော- သူတော်ကောင်းခေါ် ပုဂ္ဂိုလ်ကျော်သည်၊ စရေယျ-အသက်တို+ရှည် ထိုနှစ်လီကို အတည် မတွေး အလေးမမူ ရေးမယူဘဲ စိတ်ဆင်းရဲခြင်း အမြဲကင်းကာ ကျင့်ကြံ ရာ၏၊ မစ္စုဿ-သေမင်း၏၊ အာဂမော၊ သူငါထံမှောက်၊ အမြန်ရောက် လာခြင်းသည်၊ နတ္ထိ-မှတ်ကြည့်ပိုင်ပိုင် မရှိနိုင်ပေ၊ ဣတိ-ဤသို့၊ မာရော- ဆန့်ကျင်ဘက်တွင် ဘုရင်တစ်ဆူ တစ်ခင်တူသည့်၊ ပါပိမဟု- ခေါ်ပြု သမုတ် မာရ်နတ်ယုတ်သည်၊ ဣမာယဂါထာယ- မနေ့းရောက်လာ ဤဂါထာဖြင့်၊ ဘဂဝန္တံ-အပ္ပမိဒံ- အစခံထား မြတ်ဘုရားကို ဟောကြား သွန်သင် ဘုရားရှင်ကို၊ အဇ္ဈဘာသိ-မလိုမလား အတိုအားဖြင့် ဆိုပြား ရင့်မာ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု ...သာဓု ...သာဓုပါဘုရား။

(အို ရှင်ကြီးဂေါတမ) လူတွေရဲ့အသက်ဟာ တကယ် ရှည်လှ ပါတယ်၊ သူတော်ကောင်းဆိုရင် အသက်တိုတယ်လို့ မပြောသင့် မဟော သင့်ပါဘူး, မကဲ့ရဲ့သင့်ပါဘူး၊ နို့ရည်ယစ်တွင် ပက်လက်အိပ် ကလေး သူငယ်ဟာ အသက်တိုတာ, ရှည်တာ မကြံစည် မစဉ်းစားသလို သူတော်ကောင်းဆိုတဲ့ သူဟာလည်းပဲ အသက်တိုတာ,ရှည်တာ မကြံစည် မစဉ်းစားသင့်ဘူး။ သေမင်း၏ ရောက်လာခြင်းဆိုတာ မဖြစ်နိုင်ပါ, မရှိနိုင်ပါ-လို့ မာရ်နတ်ကြီးက မြတ်စွာဘုရားကို ဂါထာတစ်ပုဒ် ရွတ် ဆိုပြီးတော့ ပြောကြားပါတယ်။

ကဲ....လင်္ကာလေးတွေ လိုက်ဆိုကြ....

- လူ့အသက်ဟာ၊ ရှည်သည်သာ၊ ပြောတာမာရ်နတ်ယုတ်။
- အသက်တိုဟု၊ ကဲ့ရဲ့မှု၊ ပြောပြုမသင့်ဟုတ်။
- ကလေးငယ်လို၊ ကျင့်ဖို့လို၊ ပြောဆိုမာရ်နတ်ယုတ်။
- သေမင်းဆိုတာ၊ ရောက်မလာ၊ ပြောတာမာရ်နတ်ယုတ်။

ကဲ....လင်္ကာလေးတွေ လိုက်ဆိုကြ။

* မကြုံစည်အပ်၊ ဘုရားမြတ်၊ မပြတ်ကြည်ညိုသူ။
* မကြုံစည်အပ်၊ တရားမြတ်၊ မပြတ်ကြည်ညိုသူ။
* မကြုံစည်အပ်၊ သံဃာမြတ်၊ မပြတ်ကြည်ညိုသူ။
* လူ့, နတ်, နိဗ္ဗာန်၊ ချမ်းသာမှန်၊ ကေန်အမြတ်ယူ။

(ပသန္နာနံ ဒေဝမနုဿာနံ, ဝိပါကော ဒေဝမနုဿသမ္ပတ္တိ နိဗ္ဗာနသမ္ပတ္တိ သင်္ဂါတော စိန္တေတုံအသက္ကုဏေယျော သင်္ချာ တိက္ကန္တော၊ အပဒါန ဋ္ဌ ၁-၁၂၇)။

* မကြံအပ်၊ အကျိုးမြတ်၊ မပြတ်ရတော်မူ။

မကြုံစည်အပ်တဲ့ (မဝေဖန်အပ်တဲ့) ရတနာသုံးပါး အပေါ်မှာ သက်ဝင်ယုံကြည်လေးစား အရေးထားကာ ကြည်ညိုနိုင်ကြပြီး လူ့, နတ်, နိဗ္ဗာန် ချမ်းသာမှန်တွေကို အမြန်ကြော ရရှိကြပါစေလို့ ဆုပေး, ဆုတောင်းပြီး တရားသိမ်းလင်္ကာလေး လိုက်ဆိုကာ တရားသိမ်းကြပါစို့။

* ဘုရားဒကာ၊ ဖြစ်ရတာ၊ ငါ့မှာဝမ်းသာဖွယ်၊
* တရားဒကာ၊ ဖြစ်ရတာ၊ ငါ့မှာဝမ်းသာဖွယ်၊
* ရဟန်းဒကာ၊ ဖြစ်ရတာ၊ ငါ့မှာဝမ်းသာဖွယ်၊
* လူ့, နတ်, နိဗ္ဗာန်၊ ချမ်းသာမှန်၊ ကေန်ရရှိမယ်၊
* မကြုံစည်အပ်၊ အကျိုးမြတ်၊ ဟောမှတ်ပြီးပြီကွယ်။

မှတ်ချက်။ ။အနေကဇာတစ်ပွဲတိုင်း၊ ရတနာသုံးပါး ပူဇော်ပွဲတိုင်း၊ ပဋ္ဌာန်းပွဲတိုင်း၊ ပိဋကတ်စာအုပ်လှူပွဲတိုင်း၊ အလှူပွဲတိုင်း၊ မွေးနေ့, မင်္ဂလာပွဲ, အိမ်သစ်, တိုက်သစ်, ကျောင်း, ဆေးရုံသစ် ဖွင့်လှစ်ပွဲတိုင်း အစုံဟောပါ။

မကြုံစည်အပ် အကျိုးမြတ် တရားတော် ပြီး၏။

စောင့်နတ်တွေ၊ မြေစောင့်နတ်တွေက အိမ်မပြီးခင် ကြိုပြီးတော့ သူတို့က ရောက်နေကြပါတယ်။ ဒီနေရာကိုကြည့်ပြီးတော့ အိမ်စောင့်နတ်တွေ၊ မြေစောင့်နတ်တွေ ရှိတယ်ဆိုတာ သိကြ၊ ယုံကြရမယ်နော်။ (မှန်လှပါဘုရား)။

ဦးပဥ္စင်းတို့ ဒကာ-ဒကာမတွေက ယုံပြီးသားပါ။ ဒါ ဦးပဥ္စင်းတို့ အထူး ပြောစရာ မလိုတော့ပါဘူး။

ယသ္မိံ ပဒေသေ မဟေသက္ခာ ဒေဝတာ ဝတ္ထူနိ ပရိဂ္ဂဏှန္တိ၊ မဟာသက္ခာပနံ တတ္ထ ရညော ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေ- သနာနိ မာပေတုံ။

(အကြင်အရပ်မှာ တန်ခိုးကြီးမားကြတဲ့ နတ်တွေ အိမ်နေရာ တွေ ယူကြတယ်၊ ထိုအရပ်မှာ တန်ခိုးကြီးမားကြတဲ့ နတ်တွေ အိမ်နေရာ တွေ ယူကြတယ်၊ ထိုအရပ်မှာ တန်ခိုးကြီးမားကြတဲ့ မင်းတွေ၊ အမတ် ကြီးတွေဟာ အိမ်နေရာ ဖန်ဆင်းတည်ဆောက်စီရင်ဖို့ စိတ်ညွတ်ကြ ပါတယ်။)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ...

- တန်ခိုးကြီးမား နတ်အများ၊ ယူငြား အိမ်နေရာ။
- တန်ခိုးကြီးမြတ်၊ မင်း+အမတ်၊ စိတ်ခေါ်တ် ညွတ်နေယာ။

ယသ္မိံ ပဒေသေ မဇ္ဈိမာ ဒေဝတာ ဝတ္ထူနိ ပရိဂ္ဂဏှန္တိ၊ မဇ္ဈိမာနံ တတ္ထ ရညော ရာဇမဟာ မတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(အကြင်အရပ်မှာ အလယ် အလတ် တန်ခိုးကြီးတဲ့ နတ်တွေ အိမ်နေရာယူကြတယ်၊ ထိုအရပ်မှာ တန်ခိုး အလယ်အလတ်ရှိတဲ့ မင်း တွေ အမတ်တွေဟာ အိမ်နေရာ ဖန်ဆင်း တည်ဆောက် စီရင်ဖို့ စိတ် ညွတ်နေကြတယ်။)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ...

အလယ်အလတ်၊ တန်ခိုးနတ်၊ ယူမှတ် အိမ်နေရာ။

အလယ်အလတ်၊ မင်း+အမတ်၊ စိတ်ခေါ်တ်ညွတ်နေတာ။

၁။ သံဃာတွေ ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူဒါန်းရမယ်။

၂။ အိမ်စောင့်နတ်တွေကို အမျှပေးဝေရမယ်။

၃။ ဗလိနတ်စာ ပူဇော်ပသ ကျွေးမွေးတင်မြှောက်ရမယ်။

အဲဒီသုံးချက်နဲ့ ပြည့်စုံပြီဆိုရင် အိမ်စောင့်နတ်တွေက ချမ်းသာရောက်အောင် ကောင်းတဲ့ အာရုံနဲ့ တွေ့ကြုံရအောင် စောင့်ရှောက်ကူညီမှု ပေးပါလိမ့်မယ်... တဲ့။

ကဲ....လက်ာလေးတွေ လိုက်ဆိုကြ...

* ဆွမ်းကပ်မျှဝေ၊ နတ်ဝေဝေတော့၊ မသေကျွေးကြသော်။
* နတ်တွေနှစ်သည်၊ စောင့်ရှောက်ကြ၊ ဗုဒ္ဓဟောမြွက်ဖော်။

ကတိ-ဤသို့၊ ဘဂဝါ-ဘုန်းတော်ကြီးမား မြတ်ဘုရားသည်၊ ကေနွှေ-သင့်တင့်လျောက်ပတ် တစ်ခုသောအရပ်၌၊ နိသိန္နေဝါ-ထိုင်နေကြကုန်သော၊ မဝဓမဟာမတ္တေ-မဂဓတိုင်းရဲ့ အမတ်ကြီးတွေ ဖြစ်ကြပေကုန်သော၊ သုနိဓဝဿကာရေ-သုနိဓနဲ့ ဝဿကာရတို့ကို၊ ဣမာဟိ ဂါထာဟိ- ဤသုံးဂါထာတို့ဖြင့်၊ အနုမောဒိ-အဖန်ဖန်ဝမ်းမြောက်သဘောပေါက်ရေး၊ ရည်ရွယ်တွေးကာ၊ အနုမောဒနာ ပြုပေးတော်မူလိုက်ပါပေသတည်း။

သာဓု....သာဓု သာဓုပါဘုရား။

ကဲ...တရားသိမ်း လက်ာလေး လိုက်ဆိုကြ။

* နတ်တွေစောင့်ရှောက်၊ ချမ်းသာရောက်၊ မှတ်လောက်တရားတော်။
* ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
  သာဓု....သာဓု....သာဓုပါဘုရား၊

ကောင်းစွာနေသည့် တွေ့မြင်ကြကုန်သောကြောင့်၊ ပုဂ္ဂိုလ်-သားသမီးကို၊ ဣစ္ဆန္တိ-အလိုရှိကြကုန်၏၊ တသ္မာ-အကြောင်းငါးဖြာ အကောင်းရှာ၍ ကောင်းစွာ လိုလား မျှော်လင့် ထားသော ထို သဘောကြောင့်၊ ကတညု-သူတစ်ပါးပြုဖူး မြတ်ကျေးဇူးကို အထူးအာရုံ သိတတ်ကုန်သော၊ ကတဝေဒိနော- သူတစ်ပါး ပြုဖူး မြတ်ကျေးဇူးကို အထူးဖော်ပြ ပေးဆပ်တတ်ကြကုန်သော၊ သပ္ပုရိသာ- တင့်တယ်လှပ ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ကြကုန်သော၊ သန္တော-အယူမစောင်း သူတော်ကောင်းတို့သည်။

၄။ ဘရန္တိ မာတာပိတရော၊ ပုဗ္ဗေ ကတ မနုဿရံ။

ကရောန္တိ နေသံ ကိစ္စာနိ၊ ယထာ တံ ပုဗ္ဗကာရိနံ။

ပုဗ္ဗေ-ရှေး၌၊ ကတံ-မိဘပြုဖူး ဂုဏ်ကျေးဇူးကို၊ အနုဿရံ-အနုဿရန္တာ-အမြဲနေ၍ သတိရကြကုန်လျက်၊ မာတာပိတရော-မိဘတို့ကို၊ ဘရန္တိ-ပြုစုလုပ်ကျွေး အရေးကယ် မွေးမြူကြကုန်၏၊ ပုဗ္ဗ-ကာရိနံ-ရှေးဦးကြည်ဖြူ ကျေးဇူးပြုကြသူတို့၏ (ကိစ္စာနိ-လုပ်ငန်း ကိစ္စ အဝဝတို့ကို) ကရောန္တိယထာ-နေ့ညမနေး ပြုလုပ်ပေးကြကုန် သကဲ့သို့၊ တထာ-ပမာထားယူ အလားတူပင်၊ နေသံ-လက်ဦးဆရာ ထက်ထူစွာသား ထိုမိဘနှစ်ပါးတို့၏၊ ကိစ္စာနိ-လုပ်ငန်း ကိစ္စ အဝဝ တို့ကို၊ ကရောန္တိ-အမြန်မနေး ပြုလုပ်ပေးကြကုန်။

(နံပါတ် ၁,၂ ဂါထာနဲ့ နံပါတ် ၃-ဂါထာ အထက်အပိုဒ်က မိဘတို့ရဲ့ မျှော်လင့်ချက်ငါးပါးကို ဖော်ပြပါတယ်။ ရှေ့ဖော်ပြခဲ့ပြီး တဲ့အတွက် ထပ်မပြောတော့ပါဘူး။ နံပါတ် ၃ အောက် တသ္မာ စတဲ့ အပိုဒ်နဲ့ နံပါတ် ၄-ဂါထာက မိဘကျေးဇူး အထူးသိတဲ့သူကို ကတညူ၊ သိတဲ့အတိုင်း မရှိင်းယဉ်ယဉ် ဘုရားအလောင်း သူတော်ကောင်းတွေလို သမိုင်းတွင်အောင်၊ မိဘတွေရဲ့ကျေးဇူးတွေကို အထူး ထင်ရှားအောင် ဖော်ပြ ကျေးဇူးဆပ်တတ်သူဟာ ကတဝေဒီ၊ အဲဒါလို ကတညူ ကတ ဝေဒီ တရားတွေနဲ့ ပြည့်စုံတဲ့သူဟာ တင့်တယ်လှပတဲ့ အမျိုးကောင်း သား, အမျိုးကောင်းသမီးတွေဖြစ်ပြီး သပ္ပုရိသ,သန္တ, သူတော်ကောင်း လို့ ခေါ်ဆိုရပါတယ်။)

မှတ်ချက်။ ။မိဘများရည်စူး၍ ကုသိုလ်ပြုပွဲပြုတိုင်း၊ ဆရာသမားများ ရည်စူး၍ ကုသိုလ်ပြုပွဲတိုင်း၊ မိဘဆရာ ကျေးဇူးဆပ်ပွဲ တိုင်း၊ တိုင်းပြည်, မြို့ရွာ ခေါင်းဆောင်ကောင်းကြီး များကို ရည်စူး၍ ကုသိုလ်ပြုပွဲတိုင်း၊ နေရာဒေသတိုင်း မှာ မိဘကျေးဇူး သိမြင်ရေးအထွက် ဟောကြားနိုင် ပါသည်။

* တရားအမည်ကို "မျှော်လင့်ချက် ငါးပါး"၊ "တင့်တယ် သောသူ+လှပသူ"၊ "ချီးမွမ်းထိုက်သူ+လှပသူ"၊ ကျေးဇူးသိတတ်+ ကျေးဇူးဆပ်"၊ "အမြတ်ဆုံးသား+သမီး" စသည်ဖြင့် နှစ်သက်သလို ပေးနိုင်ပါသည်။

ပုတ္တသုတ်အဋ္ဌကထာ+ဋီကာ ကောက်နုတ်ချက်

* ဘနေ့ာဝါ နော ဘရိဿတီတိ အမှေဟိ ထညပါယနှ ဟတ္ထ ပါဒဝၜုန္နာဒီဟိ ဘဋတော ပဋိဇဂ္ဂတော အမှေ မဟလ္လကကာလေ ဟတ္ထ ပါဒ ဓောဝန, နှာပန, ယာဂု, ဘတ္တဒါနာဒီဟိ ဘရိဿတိ။ ကိစ္စံဝါ နော ဘရိဿတီတိ အတ္တနော ကမ္မံ ဌပေတွာ အမှာကံ ရာဇကုလာဒီသု ဥပ္ပန္နံ ကြိစ္စံ ဂန္တွာ ကရိဿတိ။ ကုလဝံသော စိရံ ဌဿတီတိ အမှာကံ သန္တကံ ခေတ္တ, ဝတ္ထု, ဟိရည, သုဝဏ္ဏာဒိံ အဝိနာ သေတွာ ရက္ခန္တေ ပုတ္တေ ကုလဝံသော စိရံ ဌဿတိ။ အမှေဟိဝါ ပဝတ္တိတာနိ သလာက ဘတ္တာဒီနိ အနုပစ္ဆိန္ဒိတွာ ပဝတ္တေဿတိ၊ ဧဝမ္ပိ နော ကုလဝံသော စိရံ ဌဿတိ။ ဒါယဇ္ဇံ ပဋိပဇ္ဇိဿတီတိ ကုလဝံသာနုရူပါယ ပဋိပတ္တိယာ အတ္တာနံ ဒါယဇ္ဇာရဟံ ကရောန္တော အမှာကံ သန္တကံ ဒါယဇ္ဇံ ပဋိပဇ္ဇိ ဿတိ၊ ဒက္ခိဏံ အနုပ္ပဒဿတီတိ ပတ္တိဒါနံ ကတွာ တတိယဒိဝသတော ပဋ္ဌာယ ဒါနံ အနုပဒဿတိ၊ သန္တောသပ္ပုရိသာတိ ကူမသ္မိံ ဌာနေ မာ တာပိတူသုသမ္မာ ပဋိပတ္တိထာ သန္တော သပ်ုရိသာတိ ဇေဗိတဗ္ဗာ။ ပုဗ္ဗေ တတမနုဿရန္တိ မာတာပိတုဟိပဌမတရံ ကတကုဏံ အနုဿရန္တာ။ဩဝါဒ ကာရိတိ မာတာပိတူဟိ ဒိန္နဿ ဩဝါဒဿ ကတ္တာ။ ဘတပေါသီတိ ယေဟိ ဘတော တေသံ ပေါသကော။ ပသံသိယောတိ ဒိဋ္ဌေဝ ဓမ္မေ မဟာဇနေန ပသံသိတဗ္ဗော ဟောတိ။

(အံ၅-၃-၂၁၊ ၂၂)

## ခုဒ္ဒကနိကာယ+ထေရာပဒါပါဠိ+ပိလိန္ဒဝစ္ဆဝဂ္ဂ+ပိလိန္ဒဝစ္ဆတ္ထေရ
## အပဒါန+ဒီပမာရာနိသံသ-လာ ဂါထာ(၂)ပုဒ်ကို
## တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
## 'စုံလင်လိုသူ+ဆိမ်းလှူ' တရားတော်

၁။ ဒီပမာရေ ဇိနေ ဒတွာ၊ သံဃေ ဂဏာဝရုတ္တမေ။
တီဏာ' နိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဇိနေ-ဇိနသာ-မြတ်စွာဘုရားအားလည်းကောင်း၊ဂဏာဝရုတ္တမေ-ဂဏာဝရုတ္တမသာ-အလွန်မြတ်ကောင်း၊ ဂိုဏ်းအပေါင်း ဖြစ်တော်မူထသော၊ သံဃေ-သံဃသာ-သံဃာတော်အား လည်းကောင်း၊ ဒီပမာရေ-ဆိမ်းတိုင်တို့ကို၊ ဒတွာ-ပေးလှူရသောကြောင့်၊ ကမ္မာနုစ္ဆဝိကေ-ကောင်းမှုကံအား လျော်ကပ်ကုန်သော၊ တီဏာနိသံသေ - သုံးပါးသောအကျိုးတို့ကို၊ မမ-ငါအား၊ အနုဘောမိ-ခံစားရ၏။

(ဘုရားနှင့် သံဃာတော်မှာ ဆိမ်းအိမ်, ဆိမ်းခွက်, ဆိမ်းတိုင် လှူရတဲ့အတွက်ကြောင့် အကျိုးသုံးပါး ခံစားရတယ်တဲ့။)

အဲဒီအကျိုးသုံးပါးက ဘာတွေလဲဆိုရင်....

၂။ ဇာတိမာ အင်္ဂသမ္ပန္နော၊ ပညဝါ ဗုဒ္ဓိသမ္မတော။
က္လမေ ဂုဏော ပဋိလဘော၊ တဿ နိဿန္ဒတော အဟံ။

ဇာတိမာ-မြတ်သောဇာတ်ရှိသည်လည်းကောင်း၊ အင်္ဂသမ္ပန္နော-အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည် လည်းကောင်း၊ ပညဝါ-ပညာရှိသည် ဖြစ်၍၊ ဗုဒ္ဓိသမ္မတော-ပညာရှိဟု သမုတ်အပ်သည် လည်းကောင်း၊ ဟောမိ-ဖြစ်၏၊ တဿ-ထိုကောင်းမှု၏၊ နိဿန္ဒတော-အကျိုးအားဖြင့်၊ က္လမေဂုဏော-ဤကျေးဇူးတို့ကို၊ အဟံ-ငါသည်၊ ပဋိလဘော-ပဋိလဘာမိ-ရ၏၊

၁။ အမျိုးမြတ်ခြင်း၊

၂။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း၊

၃။ ပညာနှင့် ပြည့်စုံခြင်းတို့ ဖြစ်ပါတယ်။

ယနေ့ မင်္ဂလာမယ်ဖြစ်တဲ့ မ(    )က အဲဒီ နကုလမာတာ သူကြွယ်မလို ကျင့်သုံးရမှာ ဖြစ်ပါတယ်။ မိမိရဲ့အမျိုးသားအပေါ်မှာ သစ္စာရှိဖို့ အဓိကလိုအပ်ပါတယ်။

နကုလပိတာသူကြွယ်ဆိုတဲ့ သစ္စာရှင်က ယခုဘဝ, နောက်ဘဝ အမြဲတစေ တွေ့ချင်မြင်ချင်တဲ့ သစ္စာရှင်ဟာ ဘယ်သူတဲ့လဲ။ (နကုလ မာတာပါဘုရား။)

နကုလမာတာဆိုတဲ့ သစ္စာရှင်သူကြွယ်မ-က ယခုဘဝ, နောက် ဘဝ အမြဲတစေ တွေ့ချင်မြင်ချင်တဲ့ သစ္စာရှင်ဟာ ဘယ်သူတဲ့လဲ။ (နကုလပိတာပါဘုရား။)

သူတို့ဇနီးမောင်နှံနှစ်ယောက်ဟာ တစ်ဦးရဲ့အပေါ်မှာ တစ်ဦးက သစ္စာတရားတွေ မထားကြဘူးလား။ (ထားရှိကြပါတယ်ဘုရား။)

သူတို့ဇနီးမောင်နှံနှစ်ယောက် ခုဘဝ, နောက်ဘဝ အမြဲတစေ တွေ့မြင်နေချင်ကြပါတယ်ဘုရား လို့မလျှောက်ကြဘူးလား။ (လျှောက် ကြပါတယ်ဘုရား။)

သူတို့ဇနီးမောင်နှံနှစ်ယောက်ဟာ ဒီလောကကြီးမှာ ရှိနေကြတဲ့ ဇနီးမောင်နှံတွေ အတုယူစရာ မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား။)

သူတို့ဇနီးမောင်နှံနှစ်ယောက်ကို ဒီလောကကြီးမှာ သစ္စာအရှိ ဆုံး သစ္စာရှင် ဇနီးမောင်နှံလို့ မှတ်တမ်းတင်ရမယ်နော်။ (မှန်လှပါ ဘုရား။)

သစ္စာရှင် ဇနီးမောင်နှံနှစ်ယောက်ဟာ ခုဘဝ, နောက်ဘဝ မတွေ့မမြင်ကြဘူးလား, တွေ့ချင် မြင်ချင်ကြသလား။ (တွေ့ ချင် မြင်ချင်ကြပါတယ်ဘုရား။)

ဒါဆိုရင်-ဒီနေ့ဟောတဲ့ တရားတော်က ဘာတရားတဲ့လဲ။
(တွေ့ချင်မြင်ချင်-သစ္စာရှင်) တရားတော်ပါဘုရား။

ယနေ့မင်္ဂလာမောင်မယ်တွေလည်း သစ္စာတရား အမြဲထားရှိပြီး နောက်ဘဝ၌ တွေ့မြင်ရပါလို၏-လို့ဆုတောင်းကြရမယ်နော်။ (မှန်လှပါ ဘုရား။)

သီဟိုဠ်ကျွန်း ဝသဘရာဇာ+ဒီဃာယုက+ဆင္ဂဂ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားတော်မူသော

## 'အသက်ရှည်ကြောင်း+နည်းလမ်းကောင်း'တရားတော်

ယနေ့တရားနာနေကြတဲ့ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေ အသက်ရှည်ရှည် မနေချင်ကြဘူးလား။

(နေချင်ကြပါတယ် ဘုရား)။

အသက်ရှည်ရှည် နေချင်ရင် အသက်ရှည်ကြောင်း နည်းလမ်းကောင်းတွေကို လိုက်နာကျင့်သုံးရမယ်နော်။ (မှန်လှပါဘုရား)။

ကဲ...အသက်ရှည်ရှည် နေချင်ကြတယ် ဆိုရင် အသက်ရှည်ကြောင်း နည်းလမ်းကောင်း ၆-ပါးကို ဟောကြ, နာကြရအောင်...

ပရိဿာဝနဒါနဥ္စ၊ အာဝါသဒါနမေဝစ။
ဂိလာနဝတ္ထုဒါနဥ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ စိတ္တကာဝါသ ပဋိသင်္ခရဏံ တထာ။
ပဉ္စသီလံ သမာဒါနံ၊ ကာတဗ္ဗံ တံ သာဓုရက္ခိတံ။
ဥပေါသထော ပဝါသောစ၊ ကာတဗ္ဗော ပေါသထေ ဂုတ္တိ။

မနုဇာဓိပ-သီဟိုဠ်ကျွန်းသူ လူအပေါင်းတို့ကို အစိုးရသော အို...ဝသဘမင်း၊ ပရိဿာဝနဒါနဥ္စ-ရေစစ်အလှူကိုလည်း၊ ဒါတဗ္ဗံ-အမြဲမပြတ် ပေးလှူအပ်၏။ အာဝါသဒါနမေဝစ-အသစ် ဆောက်အပ်, တည်ထားအပ်သည့် အမြတ်အကောင်း, ဇရပ် ကျောင်းဆိုစေတီ အလှူကိုလည်း၊ ဒါတဗ္ဗံ- အမြဲမပြတ် ပေးလှူအပ်၏၊ ဂိလာနဝတ္ထုဒါနဥ္စ- မကျန်းမာ, မချမ်းမသာ၊ သူနာကို အသုံးအဆောင်ဖြစ်သော ဆေးအလှူကိုလည်း၊ ဒါတဗ္ဗံ-အမြဲမပြတ် ပေးလှူအပ်၏၊ စိတ္တကာဝါသ ပဋိသင်္ခရဏဥ္စ-ဆွေးမြည့်ယိုယွင်း၊ အိုမင်းနွမ်းဟောင်း ကျောင်း ဇရပ်, စေတီ အလီလီ၌ စိတ်ကြည်စိတ်ရှင်း အသစ်မွမ်းမံပြင်ဆင်ခြင်းကိုလည်း၊ ကာတဗ္ဗံ- အမြဲမပြတ် ပြုလုပ်အပ်၏၊ တထာ-ထိုမှတစ်ပါး ပဉ္စသီလသမာဒါနဥ္စ၊ ငါးပါးသီလဆောက်တည်ခြင်းကိုလည်း၊ ကတ္တာ-ပြု၍၊ တံ- ထို ငါးပါးသီလကို၊ သာဓုရက္ခိတံ-ကောင်းစွာ မပြတ်

ဆုံးဖြစ်သည့် လောကီ လောကုတ္တရာ မင်္ဂလာအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ကောင်းခြင်းအမျိုးမျိုး၊ အောင်ခြင်းအမျိုးမျိုး၊ ရာထူးဂုဏ်သိန် အရှိန်အဝါတန်ခိုး အမျိုးမျိုး၊ စီးပွားဥစ္စာ ရဘနာရွှေငွေ အထွေထွေ အမျိုးမျိုး၊ ချမ်းသာခြင်း အမျိုးမျိုး၊ အပြုံးအမျိုးမျိုး၊ တစ်နေ့ တခြား တိုးတက်များပြားကြကုန်ပြီးလျှင် မိဘ, ဆရာသမား အစ ထားတဲ့၊ များပြားလှစွာ၊ သတ္တဝါတို့ရဲ့ အပေါ်တို့၌ မေတ္တာတရား အမြဲထားကာ မေတ္တာပိုင်ရှင်၊ အပြုံးပိုင်ရှင်တွေ ကိုယ်စီကိုယ်ငှ နေ့ည ပိုင်ပိုင်၊ ဖြစ်နိုင်ကြကုန်၍, အတင့်တယ်ဆုံးဖြစ်သော မင်္ဂဖိုလ်နိဗ္ဗာန်၊ ချမ်းသာမှန်ကို၊ ကေန်ပိုင်ပိုင်၊ ဝင်စံစား ခံစားနိုင်ကြောင်း၊ ကောင်းမြတ်သော အတင့်တယ်ဆုံး ဝိပဿနာခေါ်မှတ်, တရားမြတ်ကို, မရပ်မနား၊ ကြိုးစားမယုတ်၊ ပွားများအားထုတ်နိုင်ကြကုန်သည့် အဘင့်တယ်ဆုံး၊ အပြုံးပိုင်ရှင်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ပြတ်တွေ ဖြစ်ကြပါစေ။

—ထ—

## နမောတော-ဂါထာတော်

(လ-နေနတ်သား+အားထားရာ)ဆုပေး

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံဘဝ။
တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟုစန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါလောကာနုကမ္ပကာ။

ဟူသော သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ စန္ဒိမသုတ္တန်လာ တရားဂါထာ ဒေသနာတော်နှင့်အညီ သစ္စာလေးပါး၊ မြတ်တရားကို၊ ပြတ်သားထင်ထင်၊ သိမြင်တော်မူတဲ့ ဗုဒ္ဓဂုဏ်၊ ကြီးမြတ်သော လွှလရှိတော်မူတဲ့ ဝီရဂုဏ်၊ ခန္ဓာ, အာယတန, ဓာတ်သဘာဝ, ကိလေသာ စတဲ့ ဆင်းရဲဒုက္ခ အနန္တ အကျဉ်းအကျပ်၊ အခက်အခဲ၊

လျှင်၊ တပတိ-ရဟန်းကျက်သရေ မက်မပြေအောင် ယှက်ဝေကောင်းစွာ တင့်တယ်တောက်ပပါပေ၏။

• အထ-နေ+လ+ဘုရင် ရှင်ရဟန္တာ ထိုလေးဖြာစု တင့်တယ်တောက်ပမှုတို့သည်၊ ဗုဒ္ဓေါ-ဒုက္ခ+သမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဖြင့် ပန်ယူသိတတ် ဘုရားမြတ်သည်၊ တေဇသာ-သီလ+ဂုဏာ၊ ပညာ+ပုည ဓမ္မပြည့်ဖြိုး မြတ်တန်ခိုးဖြင့်၊ သဗ္ဗမဟောရတ္တိံ-အလုံးစုံဆင့်ဆင့် နေ့ညဉ့်မပြတ် ကာလပတ်လုံး၊ သပတိ-ဘုရားကျက်သရေ မက်မပြေအောင် ယှက်ဝေကောင်းစွာ တင့်တယ် တောက်ပတော်မူပါပေ၏၊ အာဒိသံဘောဇသမ္ဗန္ဓ-ထိုသို့ ရှုအပ်တန်ခိုးမြတ်နှင့် သုပ်ရပ်ကုံလုံ ပြည့်စုံတော်မူပါပေထသော၊ ဗုဒ္ဓံ-ဗုဒ္ဓဓမ္မ-သက်တော်ထင်ရှား မြတ်ဘုရား၏ ကိုယ်စားသင်္ မှတ် ကိုးကွယ်အပ်သည့် အမြတ်ထင်ရှား ရုပ်ပွားစေတီ အလီလီကို၊ မယံ-အနေတဇာ ဒေသနာကို သေချာကျန ရွတ်တင်ကြသည့် ဗုဒ္ဓသားခေါ် တပည့်တော်တို့သည်၊ အာဒရံ-ဗုဒ္ဓပုံပေါ် ဂုဏ်ထူးဖော်ဖော် လေးလေးမြတ်စွာ၊ ပူဇာမ+တရား+ပစ္စည်း အသီးသီးဖြင့် အပြီးကော်ရော် ပူဇော်ကြပါကုန်၏၊ ပူဇာမ-ဆွမ်း, ကွမ်း, ရေ, မီး, ပန်း, သစ်သီးဖြင့် အပြီးကော်ရော် ပူဇော်ကြပါကုန်၏၊ ငေတနသစ္စဝဇ္ဇေန-ရုပ်ပွားဧတီ အလီဘိကို ကြည်ညိုကော်ရော် ပူဇော်ပသ ဆိုပြအမှန် ဧကန်မမှား ဤသစ္စာစကားကြောင့်၊ တေတုမှာကံ-သဘောအဟုတ် လောကုတ္တရာ အမည်သာသွား ဘုရားဒကာ ဘုရားဒါယိကာမအပေါင်း သင်္ဃူတော်ကောင်းတို့အား၊ ဇယော-လောက+သာသနခ အရာရာတွက် ဆောင်ရွက်ပြောပြု ကြံစည်မှုမည် ဤသုံးလီတို့ အတည်ရှင်းရှင်း အောင်မြင်ပြီးမြောက် ခရီးရောက်ခြင်းသည်၊ သဗ္ဗဒါ-ကြောငလပ် သဒ္ဒါဧတ်ကိန်း အခါခပ်သိမ်း၊ ဟောတု-စင်စစ်မသွေ အဖြစ်ကြီး ဖြစ်နိုင်ပါစေသတည်း။

အရှင်ဂုဏ်နန္ဒ(သာသနဓဇဓမ္မာစရိယ)

ဆင်ဖြူတောင်-စာသင်တိုက်၊ သာကေတ။

လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိဘ်ဝေဒနာ၊ အဖြာဖြာဖြစ်မိ၊ ဓမ္မကထိက၊ ဖြစ်လိုကြသော၊ ရဟန်းများတွက်၊ အခက်အခဲ၊ တစ်အုပ်ဘည်းဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဗိုအနေဖြ ်၊ ရည်ချွေပါဠိ၊ ၄၅+၃ ကြည့်ကာ၊ ဂါထာအကောင်း၊ နတ်အကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစုံ၊ စာအနုခြ ယ်၊ ရေးဖြူတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိဘ်ဝင်စ းအောင် ဟရားနာမည်၊ ရွေးချယ်ရည်ပေး၊ အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာယှဉ်ထား၊ ဒီတရားစာအုပ်၊ ဝေငှထုတ်မိ၊ ဓမ္မကသိကအိတ်မှာ၊ အိတ်မှာဓမ္မကထိက၊ နေ့ည ခါခါ၊ သွားလေရာသို့၊ ယူကာ ယူကာ၊ အလွယ်သာလျှစ်၊ တွယ်တာခင်၍၊ မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိက အိတ်ဆောင်၊ အိတ်ဆောင်ဓမ္မကထိက၊ အမည်လှပေး၊ စိပြုရေးမိ၊ ဓမ္မကထိက၊ အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်ဘော်မူ''။

• သတ္တမဒကာကို၊ ပြကာဆိုချိန်၊ မြို့အင်းစိန်မှ၊ လင်းထိန်ဆင့်ဆင့် ဒေါ်ဒေါ်ညွန့်ပါ။ • အဋ္ဌမ ဒကာကို၊ ပြကာဆိုက၊ သုဝဏ္ဏမည်၊ မြို့တော်ဆီမှ၊ ရှင်ကြည်အေးချမ်း၊ ဗိုလ်မှူးသန်းဆွေနှင့်၊ ပြည့်လင့်ပါရမီ တူညီညီပြု၊ ဒေါ်တင်တင်စုပါ။ နဝက ဒကာကို၊ ပြကာဆိုဆောင်၊ ဒဂုံတောင်ပိုင်းပါ၊ အရက်ပင်ချောင်ရွာမှ၊ သဒ္ဓါခိုင်ခိုင်၊ ဦးချစ်လှိုင်နှင့်၊ တူပြိုင်စိတ်ရှိး၊ ဒေါ်ဒေါ်တိုးပါ။

• စာသင်ရာကို၊ ကဗျာဆိုက၊ ထိုထိုအကောင်း၊ရေနံချောင်းနှင့်။ အတောင်းဖော်ညွှန်း၊ မြို့မော်ကျွန်းထူး၊ မြို့ပဲခူးစု၊ မြို့ရန်ကုန်နှော်။ ကျောင်းတိုက်ဖော်ပြ၊သဒ္ဓမ္မကာရီ၊တစ်လီရွှေပြည်တန်၊ရွှေတောင်မှန်၏၊ တစ်ဖန် ကြခတ်၊ တစ်ရပ်ရွာမ၊ တစ်ဝခေါင်းဆုံး၊ တိုက်ညောင်တုန်း လေ။ • ယခုနေရာ၊ ရှုချေပါက၊ စာချ+စာသင်၊ တာဝန်လုပ်ငန်း၊ ကိုယ်တိုင်ထမ်းချ၊ သာကေတဝယ်၊ ဆင်လှရတနာ၊ မြင်ကြပါစေ၊ ဒီအနေပြင့်၊ ရည်ချွေအတိတ်၊ ရည်နိမိတ်ဆောင်၊ ဆင်ဖြူတောင်သမိုက်၊ စာသင်တိုက်ပေါ်။ • နှစ်ခြိုက်ကဗျာ၊ နှစ်ခြိုက်စာတွေး၊ နှစ်ခြိုက်ရေးပြ၊ ဘဝဖြစ်ရာ။ ပညာပါရမီ၊ ဖြစ်စေရည်၍၊ အမည်လှပ၊ ဓမ္မကထိကအိတ်ဆောင် ကျမ်းစာစောင်ကို ခု နောင် ဟော ခန်း၊ မမောမပန်းဖို့ ရှင်လန်းဤငါ ရည်မှန်းကာလေ ရေးသားဝေငှ၊ ကြိုက်သမျှပန် မကြိုက်ချန်လော့ အမှန်တော့လေ ကြိုက်ပါစေလို့၊ ချိုပါစေကြောင်း ဆုမတောင်းပါ။ ဆုတောင်းတာက မှန်စွာမလွဲ ဟောပြောပွဲတွေ ကုံတွေ့ချေသော် ပျော်ပျော်ပိုင်ပိုင် ဟောပြော နိုင်စေ ဒီအနေမျှ ရည်ချွေသမိ။ • ကျမ်းလာဤစာ ပြီးရက်မှာကား တစ်သုံးငါးခုနှစ်(၁၃၅၇) စိစစ်ဖော်ပြ ဝါဆိုလ၏ ဆန်းစခေါ် ဆက် ခုနစ်ရက်မှာ ပြီးဆုံးလာခဲ့။ • ဤစာရေးပြု မြတ်ကောင်းမှု ကြောင့် အတုမဲ့အေးချမ်း ဘေးဘန်းတွေ ဝေးခန်းပေ သည့် အေးပြေ အေးရာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ မပန်းမကြာ ရောက်ရပါလို တောင်းဆုဆို၏။ ထိုမှတစ်ပါး ဘဝများစွာ ဖြစ်ပြန် ပါလည်း မြတ်စွာဘုရား မြတ်တရားနှင့် မြတ်သားသံဃာ ဆရာ-မိဘ ကောင်းသမျှတွေ ပေါင်းရစေသား သက်ရှည်-ဆင်းလှ ချမ်းသာရ၍ ဗလ+ပညာ ကောင်းမြတ်တာတွေ စုံပြည့်နေတာ ပညာအမိက ကြီးမားရလို တောင်းဆုဆို၏။ • ဤလို ဤငါ

